မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလ စသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၇)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
၂၀၂၅ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)နှင့် ဥပ္ပါတသန္တိစေတီတော်ကြီး ရင်ပြင်တော်နှင့် သာသနိကအဆောက်အဦများအား သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များလမ်းညွှန်မှာကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးလျှင်ကြီးကြောင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အတွင်း ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ နေ့လယ်ပိုင်းတွင် မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) အဆောက်အဦနှင့် အဆောက်အဦအတွင်းရှိ အလင်္ကာကျော်စွာ စည်သူ တက္ကသိုလ်မြတ်သူစာစုများ ထားရှိသည့်အခန်း၊ **စာမျက်နှာ ၁၅ ကော်လံ ၁** ✯


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့င်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စက်ရုံအထိုင်ဈေးဖြင့် လိုအပ်သလောက် ကူညီဆောင်ရွက်ပေးနေပါသည်။

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဧပြီ ၂၅ ရက်)

# ငြိမ်းချမ်းသာယာသော လူနေမှုဘဝ

မြန်မာ့သမိုင်းကိုပြန်ပြောင်းလေ့လာသည့်အခါတိုင်းတွေ့ရှိရသည်မှာ မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်ခံနိုင်ငံအဖြစ်မကျရောက်မီက မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသူ တိုင်းရင်းသားအပေါင်းတို့သည် စည်းလုံးညီညွတ်စွာနေထိုင်ခဲ့ကြသည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုးအပေါ် မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားတို့ဖြင့် နွေးထွေးစွာရှိနေခဲ့သည်။ နယ်ချဲ့တို့၏မတရားကျူးကျော်စစ်များကို ပြန်လည်တိုက်ခိုက်ရာတွင် တိုင်းရင်းသားတို့သည်လည်း ရရာလက်နက်စွဲကိုင်ကာ တိုက်ပွဲဝင်ခဲ့ကြသည်။ သူ့ကျွန်အဖြစ်နှံ့နစ်ခဲ့သည့်အခါ နယ်ချဲ့တို့က စတင်လုပ်ဆောင်သည်မှာ တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှုပျက်ပြားအောင်လုပ်ဆောင်ကာ သွေးခွဲအုပ်ချုပ်မှုကို စတင်ခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့်အခါ နယ်ချဲ့တို့၏သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားအမည်ခံလက်နက်ကိုင်အဖွဲ့အစည်းများပေါ်ပေါက်လာခဲ့သည်။

လွတ်လပ်ရေးရရှိသည်မှ ယနေ့တိုင် မြန်မာနိုင်ငံ၏အချို့ဒေသများဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေရခြင်းမှာ အဆိုပါလက်နက်ကိုင်အဖွဲ့များ၏ဥပဒေမဲ့လုပ်ရပ်များကြောင့်ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးသည့်နောက်ပိုင်း နိုင်ငံတော်အစိုးရအဆက်ဆက်တို့သည် မြန်မာနိုင်ငံရှိပြည်သူများစိတ်အေးချမ်းသာစွာနေနိုင်ရေးအတွက် လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများအကြိမ်ကြိမ်ကျင်းပခဲ့သည်။ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ အကောင်းမြင်စိတ်ရှိသည့်အဖွဲ့အစည်းအချို့က လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ကာ ငြိမ်းချမ်းသာယာသောလူနေမှုဘဝကိုတည်ဆောက်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးနေသည့်အတွက် လက်နက်ကိုင်ဆောင်ကာ မိမိတို့လိုလားချက်ကိုတောင်းဆိုနေခြင်းမှာ ဒီမိုကရေစီစနစ်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးကို ဆောင်ရွက်နေပြီဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အစိုးရ၏ရှေ့လုပ်ငန်းစဉ်တွင် "နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်" ဟူသောလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ၌ မတ်လ ၂၈ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် တစ်နိုင်ငံလုံးရှိ ပြည်သူများစိတ်ထိခိုက်ခံစားနေရသည့်အချိန်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် ပြည်သူလူထုအား စာနာထောက်ထားနားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်စေရန် ရည်ရွယ်၍လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုကိုရှေးရှု၍လည်းကောင်း ၂၀၂၅ ခုနှစ် ဧပြီလ၂ ရက်မှ ၂၂ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

လက်ရှိအချိန်တွင်နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာမှလည်း ကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးအဖွဲ့များစေလွှတ်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခြင်း၊ ထောက်ပံ့ရေးပစ္စည်းများပေးပို့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိခိုက်ပျက်စီးခဲ့ရသည့် အစိုးရရုံးဌာနများ၊ ပြည်သူများ၏အိုးအိမ်နှင့်လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများပြန်လည်တည်ဆောက်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား အားပေးမြှင့်တင်ခြင်းတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်နှင့်နိုင်ငံသားအားလုံး၏အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာအကောင်အထည်ဖော်နိုင်ရန်၊ ရေရှည်တည်တံ့ပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကိုရှေးရှုလျက် တပ်မတော်အနေဖြင့်၂၀၂၅ ခုနှစ် ဧပြီလ၂၃ ရက်မှ ၃၀ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်ထားသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တပ်မတော်၏ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားခြင်းအား တန်ဖိုးထားသောအားဖြင့် အများပြည်သူများသွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့်ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏တပ်စခန်းများအားတိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကိုနှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်းများကိုမပြုလုပ်ကြရန်ဖြစ်သည်။ ထိုသို့လိုက်နာဆောင်ရွက်မှသာ ငြိမ်းချမ်းသာယာသောလူနေမှုဘဝကို ပိုမိုတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ဘုတလင်မြို့နယ်၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံ ၂၆၅၈ ဧကရိတ်သိမ်းပြီးစီး

ဘုတလင် ဧပြီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံ ၂၆၅၈ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံ ၂၆၅၈ ဧကအထိစိုက်ပျိုးနိုင်ကြောင်းနှင့် စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍ ရိတ်သိမ်းကြရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၃၃ ဧက၊ တစ်ဧကလျှင် ၂၅ ဒသမ ၂၇ တင်းနှင့်ဖူးစားပြောင်း ၂၆၂၅ ဧက၊ တစ်ဧကလျှင် ပြောင်းဖူး ၁၉၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့်ချင်း၊ ငရုတ်ပိုးနှင်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးကြသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာစိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့်စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း































၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့်လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃)တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့်လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

**– SWIFT CODE** **– MYEBMMMY**

**– Beneficiary Name** **– Natural Disaster Management Fund**

**– Beneficiary A/C No** **– EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| **နေပြည်တော်** | **ရန်ကုန်မြို့** | **မန္တလေးမြို့** |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅)လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း



**ယမန်နေ့မှအဆက်**

ဝက်လက်မှ လာစဉ်ကမူ ရထားခရီးသည်များကို မထင်မရှားဝိုးဝါးကြီးမြင်ရသည်ဟု ဖော်ပြခဲ့ရာ ယခုမှာမူ တစ်နေရာ၌ ထိုင်ခုံလုနေကြသော ခရီးသည်နှစ်ယောက်ကိုလည်းကောင်း၊ တခြားတစ်နေရာတွင် ညားခါစလင်မယားနှစ်ယောက်နှင့် သဏ္ဍာန်တူ၍ တစ်ယောက်နှင့်တစ်ယောက် ကြင်နာကြရပုံခြင်းကိုလည်းကောင်း ထင်ရှားပီသစွာ အသေးစိတ်မြင်တတ်လျက်ရှိလေပြီ။ 'ငါကား ချာန်လျှောသောသူကဲ့သို့ ရှိချေပြီတကား' ဟုစဉ်းစားမိသည်နှင့် ပြုံးမိပါသေးသည်။ မန်ကျည်းတုံသို့ ရောက်သောအခါ ကျွန်ုပ်ပြန်လာမည်ကို အချိန်နှင့်တကွသိပြီးဖြစ်သော မိခင်သည် အိမ်တံခါးဝမှ စောင့်ကြိုလျက်ရှိ၍ ကျွန်ုပ်၏မျက်နှာထားကို မြင်သည်နှင့်တစ်ပြိုင်နက် 'ဟော့ မောင်ဖေသိန်း၊ မင့်မှာ မပါခဲ့ဘူး' ဟု လှမ်းပြောလိုက်ရာ ကျွန်ုပ်က 'ဟုတ်တယ် အမေ'ဟု ဝန်ခံလိုက်ရလေသည်။ ကျွန်ုပ်တို့သားအမိကား တစ်ယောက်နှင့်တစ်ယောက် အတော်ကြီး နားလည်မှုရှိကြသည်။ ဤတွင် ကျွန်ုပ်က သဘော်ဆိပ်၌ အဖြစ်အပျက်ကို ပြောပြရာ မိခင်လည်း ရယ်မောရှာသည်။

## ရဟန်းပြုဖို့ ခွင့်တောင်းခြင်း

ကျွန်ုပ် စဉ်းစားပုံမှာကား တရားအားထုတ်ခြင်းအားဖြင့် မိမိ၌ ငါတည်းဟူသော အလိမ်တစ်ခုပြေ၍ ငါမရှိသကဲ့သို့ ကျင့်ကြံပြုမူလျက်ရှိခဲ့ရာမှ သဘော်ဆိပ်၌ 'င့ါအတွက်ကြောင့်' ဟူသော စိတ်အကြံတစ်ခုဖြစ်ပေါ်လာရာတွင် ယင်းအကြံနှင့်လျော်ညီစွာ စိတ်၌ထိခိုက်မှုပေါ်လာခြင်းဖြစ်တန်ရာသည်။ သို့ဆိုလျှင် မိမိ၌ တရားကိစ္စ ပြီးဆုံးသေးသည် မဟုတ်သေး။ အားထုတ်ရန်ကျန်သေးသည်ဟု ဆုံးဖြတ်ချက်ချလိုက်ရာ မိခင်လည်း သဘောတူသည်။ သို့ဖြစ်၍ သားအမိနှစ်ယောက် ဆက်လက်အားထုတ်ကြရာ မိခင်မှာ ချက်ပြုတ်မှုကို ပြန်မကြည့်ချင်သော အခြေအနေသို့ ရောက်သွား၏။ ဤတွင် ချက်ပြုတ်မှုအလုပ်သည် ကျွန်ုပ်အပေါ်သို့ ကျရောက်လာသည်နှင့် ၁ဝ ရက်ခန့်အကြာတွင် မစိုးကို ပြန်၍မှာယူရသည်။ ထိုအခါ ကျွန်ုပ်မှာ အားထုတ်ဖို့ အချိန်ရပြန်သည်နှင့် တစ်ဖန် ကြိုးစားပြန်၏။ သို့ရာတွင် ဗဟုကိစ္စများသောလူ့အဝတ်ဖြင့် မကျေနပ်နိုင်တော့ဘဲ သင်္ကန်းဝတ်ပြီး အားထုတ်ချင်၏။ မစိုးထံ ခွင့်တောင်းသော်လည်း ခွင့်မရဘဲ ဖြစ်နေ၏။ ဘုန်းတော်ကြီးများကမူ မိဘထံမှ ခွင့်ပန်ရမည်ဟုဆိုသောကြောင့် မယားနှင့်မဆိုင်သကဲ့သို့ ဆုံးဖြတ်ကြ၏။ သို့သော် ကျွန်ုပ်ကမူ လုပ်ကိုင်ကျွေးပါမည်ဟု တာဝန်ခံ၍ ယူခဲ့သော မယားဟူ၍ နားလည်သောကြောင့် ဇနီးသဘောမတူဘဲ အဝတ်လဲရန် စိတ်မကောင်းနိုင်ဘဲဖြစ်နေ၏။ အတင်းရဟန်းပြုလျှင် မတရားဟု ကျွန်ုပ်ယူဆသည်။ နောက်ဆုံး၌ မစိုးနှင့်အတူ မြတောင်သို့ လိုက်သွားပြီးမှ အခွင့်တောင်းဖို့ မိခင်က အကြံပေးသည်နှင့် လိုက်သွားပြန်၏။ မြတောင်သို့ရောက်၍ မစိုးအပေါ်၌ သြဇာရှိသော အရီးတစ်ယောက် (သူ့အဖေ၏နှမ)အား ကျွန်ုပ်က ပြောပြရာ အရီးက မစိုးအား 'ကောင်းတဲ့အလုပ်လုပ်မှာကို ညည်းက တားဆီးလျှင် ညည်းတော့ အဝီစိကျလိမ့်မယ်'ဟုပြောသည်တွင်မှ ခွင့်ပြုပါတော့သည်။ ခွင့်ရသည်ဆိုလျှင်ပင် ကျွန်ုပ် လက်ပန်းပေါက်ခတ်လိုက်ချင်ပါတော့သည်။

ခွင့်ရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် ရဟန်းဒကာရှာရာ ကျွန်ုပ်၏ အင်္ဂလိပ်စာသင်ကျောင်းတည်ပေးသည့် လူကြီးများဖြစ်သော သူကြီးကိုညွှင်းနှင့် သစ်ကုန်သည်ကြီး ဦးစုတို့က ဒကာခံကြသည်။ (ဦးလေးမောင်မူကား ကသာသို့ ပြောင်းရွှေ့သွားလေပြီ။) ကျွန်ုပ်က မြတောင်သို့ပြန်၍ 'ပြောချေပါရစေဦး' ဟု ပြောသော်လည်း ရဟန်းဒကာနှစ်ယောက်တို့က 'ခွင့်ရပြီမဟုတ်လား၊ ပြန်ပြောမနေပါနဲ့တော့၊ မျက်နှာကိုမြင်တော့ တစ်မျိုးဖြစ်ပြီး စိတ်ပြောင်းသွားမှာကို စိုးရပါတယ်၊ မနက်ဖြန်ပဲ ပဉ္စင်းခံလိုက်ကြပါစို့' ဟု ပြောကြသည်နှင့် ကျွန်ုပ်သဘောတူလိုက်လေ၏။

## ရဟန်းပြုခြင်း

၁၂၈၇ ခုနှစ် နယုန်လဆန်း ၂ ရက်နေ့တွင် ကျွန်ုပ်သည် ကမ်းနီရွာ၌ ရဟန်းပြုပါသည်။ သိမ်ထဲ၌ ရဟန်းပရိသတ်နှင့်တကွ ကမ္မဝါညှပ်၍ ရဟန်းပြုရာတွင် ဤကိစ္စနှင့်ပတ်သက်၍ ဂေါတမဗုဒ္ဓ စီစဉ်ထားတော်မူခဲ့သည့် အခမ်းအနားမှာ အဟုတ်တကယ် ကြီးကျယ်ခံ့ညားလှ၍ အသည်းနှလုံး တုန်လှုပ်ဖွယ်ကောင်းပေရကား ကျွန်ုပ်မှာ အလွန်ဖြစ်ချင်လှသည့် ရဟန်းအဖြစ်သို့ ရောက်ရခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာရှိသည့်အထဲ၌ပင် မတုန်လှုပ်ဘဲမနေနိုင်အောင်ရှိနေ၏။ ။

ဤမျှလောက်ကြီးကျယ်သော ဥပသမ္ပဒ ကံဆောင်ခြင်း ကိစ္စကြီးကို ၇ ရက်၊ ၁ဝ ရက် စသည်ဖြင့် ပေါ့ပေါ့ဆဆသဘောထားကြသည့် လက္ခဏာနှင့် ခေတ္တခဏ ဒုလ္လဘရဟန်းပြုကြသည့် လူများသည် ဘယ်ကဲ့သို့များ သဘောထားကြသည်ကို ကျွန်ုပ်နားမလည်နိုင်အောင်ရှိတော့သည်။ ထိုအချိန်မှစ၍ ဗုဒ္ဓကိုယ်တော်မြတ်သည် 'ဒုလ္လဘရဟန်း' ဟူသော အလုပ်မျိုးကို မည်သည့်နည်းနှင့်မျှ ခွင့်ပြုတော်မူလိမ့်မည် မဟုတ်ဟူ၍ စိတ်ထဲ၌ စွဲစွဲမြဲမြဲကြီး ယုံကြည်လာခဲ့သည်။ ထို့ကြောင့်လည်း 'ဗျက်ကယ် ဗျက်ကယ်'အဓိပ္ပာယ်ရောက်သော ဒုလ္လဘရဟန်းပြုခြင်း အလုပ်ကိုမလုပ်ထိုက်ကြကြောင်းနှင့် အပြင်းအထန်ကန့်ကွက်သည့် ဆောင်းပါးများ ရေးခဲ့ဖူးသည်။ ထိုအချိန်မှစ၍ 'လုံနမတန်းလန်းနှင့် ဦးဖွ မန်းသလို ဒုလ္လဘရဟန်း' ပြုကြသူများအား ကျွန်ုပ်ကိုယ်တိုင် ဖူးမြော်ကန်တော့ခြင်း ပြုရန်ခဲယဉ်းကြောင်း ဝန်ခံပါသည်။ ကျွန်ုပ်သည် ရဟန်းပြုခြင်းအတွက် ထိုနေ့က ဘယ်မျှလောက် ဝမ်းမြောက်ပါသနည်းဟူမူ သိမ်မှထွက်လာ၍ ခင်းကျင်းထားသည့် တဘက်များပေါ်၌ လမ်းလျှောက်လာသည့်အခါ ခြေထောက်နှင့်အဝတ်များ ထိခြင်းကိုပင်မသိဘဲ ရှိပါတော့သည်။

ရဟန်းဒကာ သူကြီးကိုညွှင်းသည် ကျွန်ုပ်၏ အဝတ်အစားများကို မြတောင်ရွာသို့သွား၍ မစိုးအား ပေးအပ်ရာတွင် မစိုးက သင်္ကန်းကို လာဆွဲချွတ်မည်ဟုပြောလိုက်သည်ဆိုသောကြောင့် ဘယ်များထွက်ပြေးရပါမည်နည်းဟု ထိတ်လန့်မိသည်။ သို့သော် တစ်ခေါက်ပြန်၍ မပြောကောင်းလေလောဟု ဒေါသဖြစ်၍ ပြောလိုက်ခြင်း ဖြစ်တန်ကောင်းပါ၏ဟု တွေးဆမိရာ ထိုအတိုင်း မှန်ကန်သဖြင့် တော်ပါသေးသည်။

## တစ္ဆေကြောက်သေးသလော

ရဟန်းပြုပြီးသည့်နောက် ကျွန်ုပ်သည် ရွာ၌ရှိသော ဘုန်းကြီးကျောင်း၌ သီတင်းမသုံးဘဲ ရွာပြင်၌ရှိသော အုတ်ဇရပ်ကြီးတွင် တစ်ပါးတည်းနေ၏။ အကြောင်းတစ်ခုမှာ ရွာဘုန်းကြီးသည် တရားဝါသနာပါသော ပုဂ္ဂိုလ်မျိုးမဟုတ်ဘဲ သူလိုငါလို ဗဟုကိစ္စ၌ မွေ့လျော်သော ဘုန်းကြီးတစ်ပါးဖြစ်၍ ကျွန်ုပ်နှင့် ပုဂ္ဂလသပ္ပါယဖြစ်လိမ့်မည်မထင်သောကြောင့် ဖြစ်၏။ (ယခုအခါ၌မူ ၎င်းဘုန်းတော်ကြီးမှာ လူထွက်ပြီး၍ သားပျို၊ သမီးပျိုကြီးများနှင့်ဖြစ်နေလေပြီ။) ကိုသိန်းဖေတို့နှင့် လင့်စင်စောင့်စဉ်က ကျွန်ုပ်တစ္ဆေကြောက်တတ်သေးသည်ဟု ရေးခဲ့ဖူးရာ တစ္ဆေကြောက်တတ်ခြင်း ပျောက်ကွယ်သွားပုံကို ဤနေရာ၌ ဖော်ပြရပေဦးမည်။ ကျွန်ုပ်သည် အုတ်ဇရပ်ကြီးပေါ်တွင် တစ်ပါးတည်း ကျိန်းလျက်ရှိစဉ် ပထမည၌ ဆင်းတုတော်အနီးတွင် စုပုံထားသည့် ဖယောင်းတိုင်ထုပ်များသည် ပလ္လင်ပေါ်မှ ဖြုန်းခနဲကျသွား၍ ထုံးစံအတိုင်း ရင်ထဲ၌ ဒိတ်ခနဲဖြစ်သွား၏။ ဤတွင်ဖယောင်းတိုင်ထွန်း၍ ထကြည့်ရာ ရှဉ့်တစ်ကောင်ဆင်းပြေးသည်ကို မြင်လိုက်ရသဖြင့် စိတ်အေးသွား၏။ သို့ရာတွင် ကျွန်ုပ် စဉ်းစားမိသည်မှာကား ငါသည် ဤဇရပ်ထဲ၌ ကြာရှည်စွာနေမည်ဖြစ်၍ ဤမျှလောက်ထိတ်လန့်လွယ်သည်ဆိုလျှင် အဘယ်မှာ ဖြစ်နိုင်ပါမည်နည်း။ ဘာကြောင့် ထိတ်လန့်ရသနည်းဟု မိမိကိုယ်ကို မေးမြန်းသောအခါ တစ္ဆေကြောက်တတ်သောကြောင့် ဟူသော အဖြေထွက်လာ၏။ ဤတွင် မိမိကိုယ်ကို ဆုံးမသည်မှာ 'ဒီလိုဆိုရင် ဘယ်ဖြစ်မလဲ ဗုဒ္ဓဃောသ၊ (ကျွန်ုပ်၏ဘွဲ့ဖြစ်သည်။) မင်းကိုယ်မင်း ငါ မရှိဘူးလို့တောင် သိထားတယ်ဆိုပြီး တစ္ဆေခြောက်မှာလောက်ကို ကြောက်ရသလား။ တစ္ဆေရှိလို့ ခြောက်ပါပြီတဲ့၊ မင့်ကို သူက ဘာတတ်နိုင်သလဲ၊ မတော်တရော် အဆင်းသဏ္ဍာန်လုပ်ပြီး ပြရုံပြနိုင်မှာပေ့ါ၊ မင်းလိုလူကိုလည်ကုပ်ချိုးပြီး မစားနိုင်ပါဘူး၊ ကြောက်စရာအဆင်းသဏ္ဍာန်လုပ်ပြပေမယ့် မင်းက ကြောက်မှဖြစ်တာပဲ၊ အဆင်းကလေးပြရုံနဲ့ မင်းကဘာကြောင့် ကြောက်ရမှာလဲ၊ မင်းစိတ်က ဒီလောက်ပဲ နုသလား' စသည်များဖြင့် မေးခွန်းများထုတ်ရာတွင် အဆင်းသဏ္ဍာန်ပြရုံမျှလောက်ကိုတော့ ခံနိုင်ပါသည်ဟူသော အဖြေထွက်လာ၏။ **ဆက်လက်ဖော်ပြပါမည်။**

---

# သရက်မြို့၌ ငလျင်ဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်

သရက် ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး သရက်မြို့၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ငလျင်ဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဧပြီလ ၂၄ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားတွင် သရက်ခရိုင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြထွေးက ငလျင်နှင့်ပတ်သက်သည့် ဆောင်ရန်/ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးအောင်နိုင်ဦးက ငလျင်ဘေးဖြစ်ပွားချိန်တွင် ဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပညာပေးခြင်းနှင့် ဝပ်၊ ကာ၊ ကိုင်သရုပ်ပြမှုများဖြင့် သရုပ်ပြသည်။

ဆက်လက်၍ ငလျင်လှုပ်ခတ်နေပြီဖြစ်သည့်အတွက် အခန်းများအတွင်းမှ သက်ဆိုင်ရာစုရပ်များကို အလျင်အမြန်ပြေးထွက်ခြင်းနှင့် ဝပ်၊ ကာ၊ ကိုင်သရုပ်ပြသခြင်း၊ ဘေးကင်းရာစုရပ်ကို အမြန်ဆုံးပြေးသည့်သရုပ်ပြသခြင်းများနှင့် ငလျင်လှုပ်ခတ်သွားသည့်အခန်းများကို မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးသရုပ်ပြသဆောင်ရွက်ကြပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဒဏ်ရာရလူနာများကို ရှေးဦးပြုစုခြင်းများ သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



# မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမဏ္ဍလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ် H.E.Mr.Igor Krasnov က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၄

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မဏ္ဍလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ် H.E.Mr.Igor Krasnov က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မိမိအနေဖြင့် အဆွေတော်၏ နိုင်ငံတွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ဝမ်းနည်းဖွယ်ရာကိစ္စရပ်များဖြစ်ပေါ်ခဲ့ခြင်းအပေါ် များစွာဝမ်းနည်းရပါကြောင်း၊ မြန်မာပြည်သူများ၏ ရဲစွမ်းသတ္တိနှင့် စည်းလုံးညီညွတ်မှုများဖြင့် ဤတုန်လှုပ်ချောက်ချားဖွယ်ရာဖြစ်ရပ်ကို ကျော်လွှားနိုင်ပါစေဟု ဆုတောင်းအပ်ပါကြောင်း၊ မိမိအနေဖြင့် ထိခိုက်ခံစားရသူများ၏ ဆွေမျိုးမိတ်ဆွေများ၏ ဝမ်းနည်းပူဆွေးမှုကို ထပ်တူနားလည်ခံစားရပါကြောင်းနှင့် ၎င်းတို့၏မိသားစုဝင်များအား စာနာအားပေးပါကြောင်း ဖော်ပြပါရှိသည်ဟု သတင်းရရှိသည်။ (၁၀၀)

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

အဆွေတော်

မိမိအနေဖြင့် အဆွေတော်၏ နိုင်ငံတွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ဝမ်းနည်းဖွယ်ရာကိစ္စရပ်များ ဖြစ်ပေါ်ခဲ့ခြင်းအပေါ် များစွာဝမ်းနည်းရပါကြောင်းဖော်ပြအပ်ပါသည်။

မြန်မာပြည်သူများ၏ ရဲစွမ်းသတ္တိနှင့် စည်းလုံးညီညွတ်မှုများဖြင့် ဤတုန်လှုပ်ချောက်ချားဖွယ်ရာဖြစ်ရပ်ကို ကျော်လွှားနိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

မိမိအနေဖြင့် ထိခိုက်ခံစားရသူများ၏ ဆွေမျိုးမိတ်ဆွေများ၏ ဝမ်းနည်းပူဆွေးမှုကို ထပ်တူနားလည်ခံစားရပါကြောင်းနှင့် ၎င်းတို့၏မိသားစုဝင်များအား စာနာအားပေးပါကြောင်းကို ပြောကြားလိုပါသည်။

လေးစားလျက်

**အီဂေါ် ခရက်စ်နော့**
**ရှေ့နေချုပ်**
**ရုရှားဖက်ဒရေးရှင်းနိုင်ငံ**

# မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က အလှူငွေများပေးအပ်လှူဒါန်း



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ငလျင်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀၀ကို ပေးအပ်လှူဒါန်းရာ မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူစဉ်။

နေပြည်တော် ဧပြီ ၂၄

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုရားစေတီ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ကူညီထောက်ပံ့ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့၊ မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်း၊ မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ငလျင်ဒဏ်သင့်ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ငလျင်ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းကိစ္စရပ်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ငလျင်ကယ်ဆယ်ရေးနှင့်ပြည်လည်ထူထောင်ရေးလုပ်ငန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်က ငလျင်ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပင်းတယမြို့၊ မြောက်ကျောင်းကြီးဘုရားတိုက်နှင့် စေတီကြီးကျောင်းတိုက်များသို့ သွားရောက်၍ ကျောင်းတိုက်များအတွင်း၌ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ကြည့်ရှုကြပြီး ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# အင်ဒိုနီးရှားနိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



အင်ဒိုနီးရှားနိုင်ငံမှ ဆေးဘက်ဆိုင်ရာအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာရာ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

နေပြည်တော် ဧပြီ ၂၄

အင်ဒိုနီးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ Police Brigadier General (Retired) Ary Laksmana Widjaja ခေါင်းဆောင်သော အဖွဲ့ဝင် ၄၁ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်နှစ်ခုဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးမှသံမှူးကြီး Harlianto နှင့် အင်ဒိုနီးရှားစစ်သံမှူး Col (Mar) Budi Chayono တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အင်ဒိုနီးရှားဆေးဘက်ဆိုင်ရာအဖွဲ့တွင် အထွေထွေရောဂါကုဆရာဝန်များ၊ ခွဲစိတ်ဆရာဝန်များ၊ အရိုးအထူးကုဆရာဝန်များ၊ မေ့ဆေးဆရာဝန်များ၊ ကလေးအထူးကုဆရာဝန်များ၊ အရေးပေါ်အထူးကုဆရာဝန်များ၊ ဆေးဝါးကျွမ်းကျင်သူများ၊ သူနာပြုများ၊ သားဖွားဆရာမများ၊ စီမံရေးအရာရှိနှင့် ထောက်ပံ့ရေးအရာရှိများပါဝင်ပြီး နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ် (ခုတင်-၅၀)ဆံ့ဆေးရုံ၌ ဧပြီလ ၇ ရက်မှ ၂၃ ရက်အထိ ငလျင်ဘေးဒဏ်သင့်ပြည်သူ ၄၈၇၄ ဦးအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် ခွဲစိတ်ကုသခြင်းတို့ကိုဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm
၄။ Myawady Webportal
https://myawady.net.mm
၅။ Myanmar National Portal
https://myanmar.gov.mm

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လယ်ဝေးမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာရှိ ကြံတိုင်းအောင် သမဝါယမအသင်းပိုင်မြေ ၉၇ ဒသမ ၆၅ ဧကပေါ်၌ ဒို့မြန်မာသမဝါယမအသင်းနှင့် ကြံတိုင်းအောင်သမဝါယမအသင်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နွားမွေးမြူရေးခြံ၌ နွားများမွေးမြူထားရှိမှုနှင့် နွားစာအတွက် နွားစာပင်းနုနွယ်မြက်နှင့် နေပီယာမြက်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးမကျမီ နွားမျိုးကောင်းမျိုးသန့်များ ထည့်သွင်းမွေးမြူနိုင်ရေး လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာရှိ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက် အသင်းပိုင်မြေပေါ်တွင် နှမ်းစပါး စိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လျှောင်ဒဏ်သင့်ဝန်ထမ်းများ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဒက္ခိဏသီရိမြို့နယ်ရှိ ယာဉ်၊ စက်ယန္တရားသိုလှောင်ရုံအတွင်း ယာယီဝန်ထမ်းလိုင်းခန်းများတည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ၏ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာတိုးတက်မှုအစီရင်ခံစာနှင့်ပတ်သက်၍ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group - APJG) မျက်နှာချင်းဆိုင်အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ Online ဖြင့် တက်ရောက်ဆွေးနွေး

နေပြည်တော် ဧပြီ ၂၄

မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့်ပတ်သက်၍ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group – APJG) မျက်နှာချင်းဆိုင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် Online ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့မှ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။





မျက်နှာချင်းဆိုင်အစည်းအဝေး၌ APJG မှ တွဲဖက်သဘာပတိများနှင့် အကဲဖြတ်သူများ၊ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF) နှင့် အာရှ-ပစိဖိတ်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group on Money Laundering – APG) အတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးကြသည်။

မျက်နှာချင်းဆိုင်အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိနေသည့်အချက်များအပေါ် APJG မှအကဲဖြတ်သူများ၏ အကြံပြုချက်များနှင့်အညီ တိုးတက်အကောင်အထည်ဖော်လိုက်နာဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံအနေဖြင့် လတ်တလောကြုံတွေ့ခဲ့ရသည့် ငလျင်သဘာဝဘေးအန္တရာယ်များ ခံစားနေရသည့် ကာလအတွင်း၌ပင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိဆောင်ရွက်ချက်များအပေါ်တွင်လည်း အသိအမှတ်ပြု၍ အဆင့်သတ်မှတ်ချက်များ တိုးမြှင့်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် FATF ၏ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်ပတ်သက်သည့် စံနှုန်းသတ်မှတ်ချက်များကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် FATF ၏ အကြံပြုချက်များနှင့်အညီ ဥပဒေပိုင်းဆိုင်ရာမူဘောင်များ၊ အဖွဲ့အစည်းပိုင်းဆိုင်ရာမူဘောင်များ တောင့်တင်းခိုင်မာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်း FATF၊ APG အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် APJG မှအကဲဖြတ်သူများက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာပါ လက်ငင်းရလဒ်တစ်ခုချင်းအလိုက် ထပ်မံရှင်းလင်းကာ သိရှိလိုသည့်အချက်များ မေးမြန်းခဲ့ခြင်းအပေါ် မြန်မာကိုယ်စားလှယ်များက ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ်ရှင်းလင်းဖြေကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နေပြည်တော်ကောင်စီနယ်မြေ၏ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးနှင့် အသားထုတ်လုပ်မှုတိုးချဲ့ရေးကြိုးပမ်း

နေပြည်တော် ဧပြီ ၂၄

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ် ပေတောကျေးရွာရှိ ပုဂ္ဂလိကဥစားကြက်မွေးမြူရေးခြံ၌ ဥစားကြက်ကောင်ရေ ၅၀၀၀၀ မွေးမြူထားရှိမှုကိုကြည့်ရှုပြီး ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဥနှင့်အသားတိုးတက်ထုတ်လုပ်နိုင်ရေးဆိုင်ရာများကို အကြံပြုဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကန်ကြီးမွေးမြူရေးဇုန်၊ ဖန်ဟွ (Fun Hwa) နို့စားနွားမွေးမြူရေးခြံ၌ ကံကြီးမွေးမြူရေးဇုန်နှင့် ရွှေမြို့မွေးမြူရေးဇုန်တို့မှမွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ခေတ်မီနည်းစနစ်ဖြင့် တိုးချဲ့မွေးမြူရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး ကင်းသာကျေးရွာရှိ ပုဂ္ဂလိက အသားတိုးဝက်မွေးမြူရေးခြံ၌ အသားတိုးဝက် ၁၀၀၀ ကျော် မွေးမြူထားရှိမှုနှင့် မွေးမြူရေးသုတေသနစခန်း(ရွှေမြို့)၏ ပျားမျိုးစိတ်သုတေသနလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရွှေမြို့မွေးမြူရေးဇုန် ဥဖောက်စက်သို့ရောက်ရှိပြီး တပ်ကုန်းမြို့နယ်နှင့်ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့တင်ပို့ရောင်းချမည့် ဘဲသားပေါက် အမကောင်ရေ ၁၄၀၀ သားဖောက်ထားရှိမှု၊ ဥစားဘဲများ မွေးမြူထားရှိမှုနှင့် ဒေသနွားများမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါး ဧက ၂၆၀၀၀၀ ကျော် စိုက်ပျိုးမှုတွင် ၁၁၃၇၁၅ ဧက ရိတ်သိမ်းထားပြီးဖြစ်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်းဒေသကြီးတွင် နွေစပါး ၂၆၇၀၇၈ ဧက စိုက်ပျိုးခဲ့ပြီး ဧပြီလ တတိယပတ်အထိ နွေစပါး ၁၁၃၇၁၅ ဧက ရိတ်သိမ်းထားပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်း နွေစပါး ၂၅၀၈၉၆ ဧက စိုက်ပျိုးရန်လျာထားခဲ့ပြီး ၂၆၇၀၇၈ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့၍ ယမန်နှစ် နွေစပါးစိုက်ပျိုးမှုထက် ၁၆၁၈၂ ဧက ပိုမိုစိုက်ပျိုးခဲ့ကာ ယခုနှစ်နွေစပါး ပျမ်းမျှအားဖြင့် တစ်ဧကလျှင် ၉၃ ဒသမ ၄၇ ရာခိုင်နှုန်း ထွက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း ရာသီအလိုက် စပါးစိုက်ပျိုးမှုတွင် စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်စေရေးနှင့် စနစ်တကျစိုက်ပျိုးနိုင်စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မြို့နယ်များတွင် မျိုးစေ့ချကိရိယာ ၈၀၀၀ ပံ့ပိုးခဲ့၍ ၂၀၂၄ ခုနှစ်တွင် Seeder စနစ်ဖြင့် ၈၅၇၂၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင်လည်း အဆိုပါစနစ်ဖြင့် ၁၀၆၀၀၅ ဧက တိုးတက်စိုက်ပျိုးနိုင်ခဲ့သည်။

ယခုနှစ် နွေစပါးရိတ်သိမ်းချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း သင်္ကြန်ကာလမှစ၍ နေရာကွက်ကျား မိုးရွာသွန်းမှုကြုံတွေ့ခဲ့ရသော်လည်း ရိတ်သိမ်းစ နွေစပါးစိုက်ခင်းများထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် နွေစပါးစိုက်ခင်းများ ရိတ်သိမ်းပြီးချိန်၌ စိုက်ဧကမြေဆီလွှာများ တိုးတက်ကောင်းမွန်လာစေရန် နွေထယ်ရေးခံခြင်းနှင့် သဘာဝမြေသြဇာဖြစ်သော ပိုက်ဆန်လျှော် စိုက်ပျိုးခြင်းလုပ်ငန်းတို့ကို စီမံဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါးကို ခရိုင်ရှစ်ခရိုင်တွင် စိုက်ပျိုးခဲ့ကြပြီး အဆိုပါရှစ်ခရိုင်တွင် တွံတေးခရိုင်၌ နွေစပါး ၉၁၁၉၇ ဧကဖြင့် အများဆုံးစိုက်ပျိုးခဲ့ကြောင်းသိရသည်။

ညိမ်းသူ(သတင်းစဉ်)

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် အထွေထွေအသုံးပြုရန် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၂၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့နံနက်ပိုင်းက မန္တလေးငလျင်ဘေးခံစားခဲ့ရသောပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် အထွေထွေအသုံးပြုရန် Shwe Mya Yar Pharmaceutical Factory ကပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ သဘာဝဘေးအန္တရာယ်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံဗဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံငြိမ်းချမ်းရေးအထောက်အကူပြု ဗဟိုကော်မတီကပေးအပ်လှူဒါန်းသည့် ငွေကျပ်ငါးသိန်းကိုလည်းကောင်း ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်တစ်ပါးအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဧပြီ ၂၄**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အောင်ဇေရန်အောင်ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ခလူးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၂၇ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(၁၀၀)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအားတွေ့ဆုံ


**နေပြည်တော် ဧပြီ ၂၄**


ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ်၊ ခရေရိပ်သာ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။






**➢ လေပွေလှိုင်းမှ**

လေနွေးများနှင့်တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း ဧပြီလ ၂၈ ရက်မှ မေလ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

**❒ ဧရာဝတီမြစ်ရေမှ**

မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့်ညောင်ဦးမြို့တို့တွင် ၄ ပေခွဲမှ ၅ ပေခွဲခန့်၊ နောက် ၈ ရက်မှ ၁၃ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် ၃ ပေခွဲမှ ၄ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ဆီးသွားသည့်အခါ နာကျင်မှုသက်သာစေသောနည်းလမ်းများ

ဆီးသွားတဲ့အခါ နာကျင်မှု ဒါမှမဟုတ် ပူလောင်မှုခံစားရတာကို ဆီးသွားတဲ့အခါနာကျင်မှု (Dysuria) လို့ခေါ်ပါတယ်။ အဲဒီနာကျင်မှုက ရောဂါကြီးမဟုတ်ဘဲ ဆီးလမ်းကြောင်း ဒါမှမဟုတ် ဆီးလမ်းကြောင်းနဲ့ဆက်စပ်သက်ဆိုင်တဲ့လက္ခဏာတစ်ခုပဲဖြစ်တယ်။ ဥပမာ-အမျိုးသမီးတွေမှာ ဆီးလမ်းကြောင်းပိုးဝင်တာ(UTI)ကြောင့် Dysuria ဖြစ်နိုင်ပြီး အမျိုးသားတွေမှာ ဆီးကျိတ်ရောင်တာ (Prostatitis) ဒါမှမဟုတ် ဆီးပြွန်ရောင်တာ (Urethritis) ကြောင့်ဖြစ်နိုင်တယ်။ ဆီးသွားတဲ့အခါနာကျင်မှု (Dysuria)ဖြစ်စေတဲ့ တခြားအကြောင်းရင်းတွေက ကျောက်ကပ်ကျောက်တည်တာ၊ မိန်းမကိုယ်မှိုစွဲတာ၊ လိင်ကတစ်ဆင့်ကူးစက်တဲ့ရောဂါတွေ၊ သန့်ရှင်းမှုအားနည်းတာနဲ့ ရေသောက်နည်းတာတွေကြောင့်ဖြစ်ပါတယ်။ Dysuria ရဲ့အကြောင်းကိုသိရှိဖို့နဲ့ ကုသမှုခံယူဖို့ ဆရာဝန်နဲ့ တိုင်ပင်ဆွေးနွေးသင့်ပါတယ်။ ဒ့ါပြင် အကောင်းဆုံးအိမ်တွင်းနည်းလမ်းတချို့ကိုလည်း သိရှိလိုက်နာနိုင်အောင် ဖော်ပြပေးလိုက်ပါတယ်။

ရေများများသောက်သင့်ပါတယ်။ ရေဓာတ်ခန်းခြောက်တာက Dysuria ဖြစ်စေတဲ့ အဓိကအကြောင်းရင်းတစ်ခုဖြစ်တယ်။ ဒါကြောင့် ရေများများသောက်တာက ဆီးသွားတဲ့အခါ နာကျင်မှုသက်သာစေနိုင်ပါတယ်။ ဗက်တီးရီးယားပိုးဝင်တာကြောင့် Dysuria ဖြစ်နေရင်လည်း ရေများများသောက်တာက ဆီးအိမ်နဲ့ဆီးပြွန်ထဲကပိုးမွှားတွေကို ဆေးကြောပေးနိုင်ပါတယ်။

အုန်းရည်လတ်လတ်ဆတ်ဆတ်သောက်သင့်ပါတယ်။ အုန်းရည်က လန်းဆန်းပြီး ချိုမြိန်တဲ့အရသာရှိတာကြောင့် Dysuria ကိုသက်သာစေနိုင်ပါတယ်။ ရာစုနှစ်တွေကတည်းက ဆီးလမ်းကြောင်းနဲ့ကျောက်ကပ်ဆိုင်ရာပြဿနာတွေအတွက် ရိုးရာဆေးပညာရှင်တွေက အုန်းရည်သောက်ဖို့ အကြံပြုခဲ့ကြပါတယ်။ တစ်ရက်ကို အုန်းရည်နှစ်ခွက်လောက်သောက်ပေးရင် Dysuria ကို မြန်မြန်သက်သာစေနိုင်ပါတယ်။

ပန်းသီးရှလကာရည်ကိုရေနဲ့ရောပြီး သောက်သင့်ပါတယ်။ ပန်းသီးရှလကာရည်မှာ ဗက်တီးရီးယားပိုးတွေကို သေစေနိုင်တဲ့အာနိသင်ရှိပါတယ်။ ဒ့ါပြင် ဗက်တီးရီးယားပိုးဝင်တာကြောင့် Dysuria ဖြစ်နေရင် သက်သာနိုင်ပါတယ်။ ခန္ဓာကိုယ်ရဲ့စံပမာဏကို ပြန်လည်ထိန်းညှိပေးပြီး ပိုးမွှားတွေမပြန့်ပွားအောင် ကာကွယ်ပေးပါတယ်။ ပန်းသီးရှလကာရည်တစ်ဇွန်းကို တစ်ရက်နှစ်ကြိမ် သောက်ပေးသင့်ပါတယ်။

မုန်လာဥနီဖျော်ရည်သောက်သင့်ပါတယ်။ မုန်လာဥနီက ဗီတာမင်-A ကြွယ်ဝတာကြောင့် မျက်စိအတွက်ကောင်းတယ်ဆိုတာ လူတိုင်းသိကြပါတယ်။ ဒ့ါပြင် မုန်လာဥနီဖျော်ရည်သောက်တာက Dysuria အတွက်လည်း ထိရောက်မှုရှိစေပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ ဖျော်ရည်က ခန္ဓာကိုယ်ရဲ့စံပမာဏကိုထိန်းညှိပေးပြီး ဗက်တီးရီးယားတွေကိုတိုက်ဖျက်ပေးနိုင်တဲ့အပြင် ကိုယ်ခံအားစနစ်ကိုလည်း မြှင့်တင်ပေးပါတယ်။

ဒိန်ချဉ်နေ့စဉ်စားသင့်ပါတယ်။ ဒိန်ချဉ်မှာ အူထဲကမကောင်းတဲ့ပိုးမွှားတွေကို ထိန်းချုပ်ပေးနိုင်တဲ့ ကောင်းတဲ့ဗက်တီးရီးယားပိုးတွေ ဘီလီယံချီ ပါဝင်ပါတယ်။ ဒိန်ချဉ်ကို တစ်နေ့နှစ်ကြိမ်သောက်ပေးတာက ဗက်တီးရီးယားပိုးဝင်ခြင်းကြောင့် ဆီးသွားတဲ့အခါ နာကျင်တာကိုသက်သာစေနိုင်ပါတယ်။ ဒိန်ချဉ်သောက်တဲ့အခါ သကြားမပါတဲ့ဒိန်ချဉ်ကို ရွေးချယ်သောက်သုံးသင့်ပါတယ်။

လေးညှင်းဆီ အသုံးပြုပေးနိုင်ပါတယ်။ လေးညှင်းဆီက အူလမ်းကြောင်းရှိ ကပ်ပါးပိုးတွေနဲ့ ကင်ဒီဒါ(Candida) မှိုပိုးတွေကို တိုက်ဖျက်ပေးနိုင်တယ်လို့ လူသိများပါတယ်။ သုတေသနတွေအရလည်း လေးညှင်းဆီက ဗက်တီးရီးယားပိုးတွေကို တားဆီးနိုင်စွမ်းရှိပြီး ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးနိုင်ပါတယ်။ လေးညှင်းဆီမှာ အဓိကပါဝင်တဲ့ ယူဂျီနော(Eugenol) ဒြပ်ပေါင်းက ရောင်ရမ်းမှုကိုလျော့ကျစေပြီး မှိုနဲ့ ဗက်တီးရီးယားပိုးတွေကို တိုက်ဖျက်နိုင်တဲ့ အာနိသင်တွေရှိပါတယ်။

**"ရေဓာတ်ခန်းခြောက်တာက Dysuria ဖြစ်စေတဲ့ အဓိကအကြောင်းရင်းတစ်ခုဖြစ်တယ်။ ဒါကြောင့် ရေများများသောက်တာက ဆီးသွားတဲ့အခါ နာကျင်မှုသက်သာစေနိုင်ပါတယ်။ ဗက်တီးရီးယားပိုးဝင်တာကြောင့် Dysuria ဖြစ်နေရင်လည်း ရေများများသောက်တာက ဆီးအိမ်နဲ့ဆီးပြွန်ထဲကပိုးမွှားတွေကို ဆေးကြောပေးနိုင်. . ."**

သံပရာရည်လတ်လတ်ဆတ်ဆတ်ကို သောက်သင့်ပါတယ်။ သံပရာရည်က အချဉ်ဓာတ်ရှိပေမယ့် ခန္ဓာကိုယ်ထဲရောက်သွားရင် အယ်လ်ကာလီဓာတ်ကို မြှင့်တင်ပေးပါတယ်။ ဒါကြောင့် ရေနွေးနွေးတစ်ခွက်ထဲကို သံပရာရည်ညှစ်ထည့်ပြီးသောက်တာက ခန္ဓာကိုယ်ရဲ့စံပမာဏကိုပုံမှန်ဖြစ်စေပြီး Dysuria ဖြစ်စေတဲ့ ဗက်တီးရီးယားပိုးတွေမပွားနိုင်အောင် ကာကွယ်ပေးပါတယ်။

ဖာလာစေ့ကို အသက်ရှူလမ်းကြောင်းဆိုင်ရာလန်းဆန်းစေဖို့၊ အစာခြေစနစ်ကိုကူညီဖို့နဲ့ သွေးလှည့်ပတ်မှုကောင်းမွန်ဖို့ အသုံးပြုကြပါတယ်။ ဆီးရွှင်စေတဲ့အာနိသင်ရှိပြီး ခန္ဓာကိုယ်က အဆိပ်အတောက်တွေနဲ့ ရေဓာတ်ကိုဖယ်ရှားပေးနိုင်ပါတယ်။ ဒ့ါပြင် သုတေသနတွေအရ ဗက်တီးရီးယားပိုးတချို့ကိုလည်း သေစေနိုင်တယ်လို့သိရပါတယ်။ ဖာလာစေ့အမှုန့်တစ်ဇွန်းကို နွားနို့တစ်ခွက်နဲ့ရောစပ်ပြီး ညတိုင်းအိပ်ရာမဝင်မီ သောက်သုံးနိုင်ပါတယ်။ အရသာကောင်းအောင် ပျားရည်အနည်းငယ်ထည့်ပြီး သောက်နိုင်ပါတယ်။

သခွားသီးစားတာ ဒါမှမဟုတ် သခွားသီးဖျော်ရည်သောက်ပေးသင့်ပါတယ်။ သခွားသီးက ဆီးသွားရင်နာကျင်တာ ဒါမှမဟုတ် ပူလောင်တာကို သက်သာစေနိုင်ပါတယ်။ သခွားသီးမှာ ဆီးရွှင်စေတဲ့အာနိသင်ရှိတာကြောင့် ဆီးသွားတာကိုများစေပြီး ဗက်တီးရီးယားပိုးတွေကို ဆေးကြောပေးနိုင်ပါတယ်။ သခွားသီးကိုခြေပြီး အရည်ညှစ်ယူကာ ရလာတဲ့အရည်ကို တစ်ရက်နှစ်ကြိမ်သောက်ပေးပါက Dysuria ကို ချက်ချင်းသက်သာစေနိုင်ပါတယ်။

တစ်ရက်ကို ချင်းလက်ဖက်ရည် တစ်ခွက်ကနေနှစ်ခွက်အထိ သောက်သင့်ပါတယ်။ ချင်းက ဟင်းလျာတွေကို အရသာပိုကောင်းစေရုံသာမက ဗက်တီးရီးယားပိုးဝင်တာနဲ့ ရောင်ရမ်းမှုတွေအတွက်လည်း ထိရောက်တဲ့အိမ်တွင်းကုထုံးတစ်ခုဖြစ်ပါတယ်။ ချင်းမှာ အားကောင်းတဲ့ပိုးသတ်နိုင်စွမ်းနဲ့ ရောင်ရမ်းမှုကိုသက်သာစေတဲ့ အာနိသင်တွေရှိပါတယ်။ တစ်ရက်ကို ချင်းလက်ဖက်ရည်(၁-၂)ခွက်သောက်တာက Dysuria ကို သက်သာစေပါတယ်။

ဆီးသွားရင်နာကျင်ခြင်း(Dysuria)က အမျိုးသားတွေထက် ဆီးလမ်းကြောင်းတိုတဲ့အမျိုးသမီးတွေမှာ အဖြစ်များပါတယ်။ အမျိုးသားတွေအနေနဲ့လည်း အသက်ကြီးသူတွေက အသက်ငယ်သူတွေထက် ပိုပြီး အဖြစ်များပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တွေ၊ ဆီးချိုဝေဒနာရှင်တွေနဲ့ ဆီးအိမ်ရောဂါရှိသူတွေက ဆီးသွားရင်နာကျင်တာကို အရင်ဆုံးခံစားရသူများဖြစ်ကြပါတယ်။

ရောဂါလက္ခဏာတွေအနေနဲ့ အမျိုးသားရော အမျိုးသမီးပါ ဆီးသွားရင် ပူစပ်ပူလောင်ဖြစ်ခြင်း၊ နာကျင်ခြင်း၊ ယားယံခြင်းတို့ကို ခံစားရလေ့ရှိပါတယ်။ တချို့သူတွေမှာ ဆီးစွန့်ရာထွက်ပေါက်မှ နာကျင်မှုမျိုးလည်း ရှိတတ်ကြပါတယ်။ တချို့မှာ ခန္ဓာကိုယ်အတွင်းပိုင်းနဲ့ ဆီးအိမ်၊ ဆီးကျိတ်တို့တည်ရှိရာနေရာမှာ နာကျင်တတ်ပါတယ်။ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း လူနာက ဆီးခဏခဏသွားလိုခြင်းကို ခံစားရပါတယ်။

ဆီးကုန်အောင်မသွားနိုင်တဲ့အခါ ဆီးအိမ်ထဲအနည်အမှုန်များ စုပုံပြီး ကျောက်တည်လာတတ်ပါတယ်။ အဲဒီကျောက်တွေက ဆီးလမ်းကြောင်းပိတ်ဆို့စေပြီး ဆီးကျင်တာကို ခံစားရစေပါတယ်။ ဆီးအိမ်ရောင်ရမ်းခြင်း၊ ဆီးစွန့်ပြွန်မှတစ်ဆင့် ဗက်တီးရီးယားပိုးဝင်ရောက်ပြီး ဆီးအိမ်ရောင်ရမ်းခြင်းဖြစ်တတ်ပါတယ်။

အမျိုးသားတွေမှာ ဆီးကျိတ်ရောဂါပိုးဝင်တဲ့အခါ ရောင်ရမ်းခြင်းဖြစ်ပြီး နာကျင်ခြင်း၊ ဆီးသွားရခက်ခြင်းတို့ ဖြစ်တတ်ပါတယ်။ အမျိုးသမီးတွေမှာ မိန်းမကိုယ်ရောင်ရမ်းခြင်း၊ ဆီးစွန့်ပြွန်ရောင်ခြင်း၊ ကျောက်ကပ်ရောဂါပိုးဝင်ခြင်း စတာတို့ဖြစ်တတ်ပါတယ်။

မသက်သာရင် ဆီးပိုးမွေးပြီး ပဋိဇီဝဆေး(Antibiotics)ကျွေးသင့်ပါတယ်။ လူကြီး အမောက်ဆလင် (Amoxicillin 500Mg) တစ်ရက်နှစ်ကြိမ် (၅-၇)ရက် ဒါမှမဟုတ် စီပရိုဖလောက်ဆင် (Ciprofloxacin 500Mg BD) (၅-၇) ရက် သောက်နိုင်ပါတယ်။ ဂျင်တာမိုင်ဆင် (I/m Gentamicin) ထိုးဆေးကို အစားအသောက်စားပြီး တစ်နေ့နှစ်ကြိမ် (၅-၇)ရက် ထိုးနှံနိုင်ပါတယ်။ ယင်းမှာ Gonorrhoea ပိုးအတွက် ထိုးနှံခြင်းဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

ဒေါက်တာလွင်သန့်

# မင်းလှအခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နွေရာသီဘင်ခရာသင်တန်းဖွင့်လှစ်



မင်းလှ ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပညာရေးမှူးရုံးနှင့် မင်းလှအခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နွေရာသီဘင်ခရာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီလ ၂၄ ရက်တွင် မင်းလှအခြေခံပညာအထက်တန်းကျောင်း မင်းလက်ဝါးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးညွန့်ဝင်းက နွေရာသီဘင်ခရာသင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် သင်တန်းနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မင်းလှအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်သန်းက သင်တန်းတွင် သင်ကြားမည့်သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းအတွက် ဘင်ခရာပစ္စည်းများကိုပေးအပ်ရာ မင်းလှအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

အဆိုပါ နွေရာသီဘင်ခရာသင်တန်းတွင် မင်းလှအခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းနှင့်အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့

# ဂျာမနီနိုင်ငံ အရေးပေါ်ဆေးအဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဂုဏ်ပြုနှုတ်ဆက်ပြီး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေသောအဖွဲ့များအား လှည့်လည်ကြည့်ရှု



**နေပြည်တော် ဧပြီ ၂၄**

အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ကိုယ်စား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပြီးဆုံး၍ပြန်လည်ထွက်ခွာမည့် ဂျာမနီနိုင်ငံအရေးပေါ်ဆေးအဖွဲ့အားဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတက်ရောက်သူများသည် မန္တလေးငလျင်ကြီးတွင် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် မတ်တတ်ရပ်၍ တစ်မိနစ်ငြိမ်သက်ကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ငလျင်ဘေးတုံ့ပြန်ရေးအတွက် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ အရေးပေါ်ဆေးအဖွဲ့ ၂၃ ဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ဂျာမနီနိုင်ငံ အရေးပေါ်ဆေးကုသရေးအဖွဲ့ (Humedica)သည် ဧပြီလ ၁၅ ရက်မှစတင်ကာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် အခြေပြု၍ ငလျင်ဘေးအရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အရေးပေါ်နှင့်ပြင်ပလူနာပေါင်း ၁၀၀၀ နီးပါးကို ဆေးကုသမှုများဆောင်ရွက်ပေးခြင်းနှင့် လူနာများအတွက် လိုအပ်သည့်ပစ္စည်းများကို ပံ့ပိုးပေးခဲ့သဖြင့် နိုင်ငံတော်အစိုးရနှင့်ပြည်သူလူထုကိုယ်စား ဂျာမနီနိုင်ငံအစိုးရ၊ ပြည်သူလူထုနှင့် Humedica အဖွဲ့အား အထူးကျေးဇူးတင်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ ငလျင်ဘေးသင့်ဒေသများတွင် ဘက်စုံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရသူများနှင့် ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့သူများအတွက် လိုအပ်သည့်ကျန်းမာရေးဆိုင်ရာပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းပြောကြားပြီး ဂျာမနီနိုင်ငံ အရေးပေါ်ဆေးအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းတင်လွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ယမန်နေ့ညနေပိုင်းကလည်းပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်နေသော အမေရိကန်ပြည်ထောင်စု International Medical Corps အဖွဲ့နှင့် ဂျာမနီနိုင်ငံ Humedica အဖွဲ့တို့မှ တစ်ရက်လျှင် ပြင်ပလူနာ ၁၀၀ ဦးခန့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုကို လှည့်လည်ကြည့်ရှု၍ ရင်းရင်းနှီးနှီးတွေ့ဆုံကာလိုအပ်သည်များကိုသက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညို့အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ငလျင်ဒဏ်သင့်အဆောက်အအုံများ ဘေးအန္တရာယ်ကင်းရှင်းမှုစစ်ဆေးရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တက်ရောက်



**နေပြည်တော် ဧပြီ ၂၄**

ငလျင်ဒဏ်သင့်အဆောက်အအုံများ ဘေးအန္တရာယ်ကင်းရှင်းမှုစစ်ဆေးရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ နေပြည်တော်ကောင်စီဝင်၊ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့်အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံငလျင်ကော်မတီနှင့်အထူးလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြင်ပပညာရှင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မန္တလေးမြို့တော်ဝန်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် ပျက်စီးသွားသောအဆောက်အအုံနှင့် အခြေခံအဆောက်အဦဆိုင်ရာကိစ္စရပ်များအတွက် နည်းပညာရပ်ဆိုင်ရာ စစ်ဆေးရေးအထောက်အကူပြုအဖွဲ့များအား အဆောက်အအုံများပြန်လည်ပြုပြင်အသုံးပြုရေးနှင့်အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီမှ ငလျင်ဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီး /ပြည်နယ်များတွင် ဆက်လက်ဖွဲ့စည်းပေးထားပြီဖြစ်၍ ၎င်းအဖွဲ့များအနေဖြင့် ပျက်စီးမှုများကို စမ်းသပ်ကိရိယာများဖြင့် စစ်ဆေး၍ လတ်တလောသာမန်ပြင်ဆင်နိုင်မည့်အခြေအနေ၊ အကြီးစားပြင်ဆင်ရမည့် အခြေအနေနှင့် ပြင်ဆင်၍မရဘဲ ဖယ်ရှားရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံအဖြစ် ခွဲခြားသတ်မှတ်နိုင်ရေး ဦးစားပေးစီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျွမ်းကျင်ပညာရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ငလျင်ကော်မတီမှ ပညာရှင်များ၊ အထူးလုပ်ငန်းကော်မတီမှ ပညာရှင်များက မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် နိုင်ငံတကာ စံသတ်မှတ်ချက်များကို အခြေခံ၍ ပညာရှင်များနှင့်ပူးပေါင်းပြီး ငလျင်၏စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်၊ မန္တလေးမြို့တော်ဝန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ ပျက်စီးခဲ့ရသည့်အခြေအနေ၊ စစ်ဆေးရေးဆောင်ရွက်ပြီးစီးသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်တင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်သည်များအပေါ် ဖြည့်စွက်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မဝ)**

# ဗြိတိန်နိုင်ငံ၌ကျင်းပသော R&A Level 3 Rule Seminar (TARS) တွင် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ဒိုင်အဖွဲ့ဝင်များ ဂုဏ်ထူးဖြင့်အောင်မြင်

**ရန်ကုန် ဧပြီ ၂၄**

R&A (Royal and Ancient Golf Club of St. Andrews) နှင့် ဗြိတိန် ဂေါက်သီးအားကစားအဖွဲ့ချုပ်တို့ ပူးတွဲကျင်းပသည့် R&A Level 3 Tournament Administrators and Referees Seminar (TARS) နှင့် Asia Pacific Amateur Championship (AAC) Programme တို့ကို မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ဒိုင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဘလှမောင်(တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်)၊ ဦးကျော်ဇောနှင့် ဦးသိန်းဇော်ဝေတို့ဒိုင်အဖွဲ့ တက်ရောက်ကြသည်။




အဆိုပါအဖွဲ့ဝင်သုံးဦးသည် R&A မှ ကျင်းပသော Level 3 Rule Exam ကို ဂုဏ်ထူးမှတ်ဖြင့်အောင်မြင်ခဲ့ကြသည်။

ထို့နောက် ဒိုင်အဖွဲ့ဝင်များသည် ယမန်နေ့က Asia Pacific Rule Program အားလည်း မြန်မာနိုင်ငံကိုယ်စားပြုတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအတွင်း ဂေါက်သီးအားကစား စည်းမျဉ်းဖွံ့ဖြိုးတိုးတက်ရေးနှင့် R&A Level 2 Rule Seminar (သင်တန်း)များ ဖွင့်လှစ်နိုင်ရေးအတွက် R&A မှတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မဝ)**

မလိုသည့်မီးကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်မီးကို ချွေတာပါ။

# အပါချီဘိလပ်မြေစက်ရုံ (ပြည်ညောင်)အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဧပြီ ၂၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်၏ အပါချီဘိလပ်မြေစက်ရုံ (ပြည်ညောင်)အစည်းအဝေးခန်းမ၌ စက်ရုံမှတာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုအချိန်သည် ငလျင်ဘေးဒဏ်သင့်ဒေသများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုဆောင်ရွက်ရမည်ဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ၊ အမိုး၊ အမိုးပြားစက်ရုံများ၊ အုတ်စက်ရုံများ၊ အထပ်သားစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်မှသာ ဈေးနှုန်းတည်ငြိမ်မှုရှိမည်ဖြစ်ကြောင်း၊ စက်ရုံမှထုတ်လုပ်သည့်ဘိလပ်မြေများကို ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဆေးရုံများ၊ ကျောင်းများပြုပြင်ရေးလုပ်ငန်းများအချိန်မီဆောင်ရွက်နိုင်ရေးအတွက် ဦးစားပေးရောင်းချရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်ရုံမှတာဝန်ရှိသူများက ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့မှု၊ စက်ကိရိယာပစ္စည်းများပြုပြင်ခဲ့မှု၊ စက်ရုံပြန်လည်လည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု အခြေအနေတို့ကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဈေးကွက်အတွင်း လိုအပ်ချက်မြင့်မားလျက်ရှိသည့် ဘိလပ်မြေများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးမှာကြားပြီး ဘိလပ်မြေထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်၊ ခေတ်ခွဲခန်းများနှင့်ထုတ်လုပ်ပြီး ဘိလပ်မြေများအား ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချရန် မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အပါချီဘိလပ်မြေစက်ရုံသည် တစ်နေ့လျှင် တန် ၄၀၀၀ နှင့် တန် ၁၅၀၀ လည်ပတ်ထုတ်လုပ်နိုင်သည့် လိုင်းနှစ်လိုင်းတပ်ဆင်ထားရှိပြီး ၂၀၂၅ ခုနှစ် ဧပြီလ ၅ ရက်မှ ၂၂ ရက်အထိ ကလင်ကာတန်ချိန် ၈၀၀၀၀ ခန့်ထုတ်လုပ်ခဲ့ကြောင်း၊ ဘိလပ်မြေကြိတ်စက်ရုံကို ငလျင်လှုပ်ခတ်ပြီးချိန်တွင် သုံးနာရီခန့်ရပ်တန့်၍ စက်များကိုစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယနေ့အချိန်ထိ တစ်စပ်တစ်ဆက်တည်းလည်ပတ်၍ ဘိလပ်မြေတန်ချိန် ၆၀၀၀၀ ထုတ်လုပ်၍ ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်းနှင့် စက်ရုံမှထုတ်လုပ်သော ကလင်ကာများကို ရန်ကုန်မြို့ သီလဝါစက်မှုဇုန်ရှိ ဘိလပ်မြေကြိတ်စက်ရုံများသို့ပေးပို့၍ ဘိလပ်မြေများထုတ်လုပ်ပြီး ပြည်တွင်းလိုအပ်ချက်ကို စက်ရုံအထိုင်ဈေး တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀ နှုန်းဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၀)

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ဝှေ့၊ အလေးမနှင့် မြားပစ်အားကစားအဖွဲ့များ၏လေ့ကျင့်နေမှုကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၂၄**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားနည်းများအနက်မှ လက်ဝှေ့၊ အလေးမနှင့် မြားပစ်အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် လေ့ကျင့်လျက်ရှိသည့် လက်ဝှေ့အားကစားသမားများနှင့် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှုအခြေအနေများကို လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိမြားပစ်လေ့ကျင့်ရေးကွင်း၌ မြားပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုအခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အုပ်ချုပ်၊ နည်းပြများ၊ အားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ နည်းစနစ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့် အားကစား၏အခြေခံဖြစ်သော ကိုယ်ခန္ဓာအချိုးအစားကြံ့ခိုင်စေရေး၊ နည်းစနစ်များ ကျွမ်းကျင်စေရေး၊ လျင်မြန်ဖျတ်လတ်မှုရှိစေရေး၊ ခွန်အားပြည့်ဝသန်မာစေရေး၊ သက်လုံကောင်းမွန်စေရေး၊ စိတ်ခွန်အားဖြင့်ကြံ့ခိုင်ပြီး အောင်နိုင်စိတ်မွေးမြူနိုင်စေရေးတို့အတွက် နည်းပြများအနေဖြင့် စနစ်တကျကြပ်မတ်လေ့ကျင့်ပေးရေး၊ လေ့ကျင့်လျက်ရှိသည့် အားကစားကွင်း၊ အားကစားရုံများ ကောင်းမွန်စေရေး၊ လေ့ကျင့်ရေးသုံးပစ္စည်းများ ပြည့်စုံစေရေး၊ ရာသီဥတုနှင့်အညီ စားသောက်ရေး၊ နေထိုင်ရေး၊ သောက်ရေ၊ သုံးရေအခက်အခဲများနှင့် လေ့ကျင့်မှုပိုင်းဆိုင်ရာအခက်အခဲများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၂၄**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး ယခုကာလတွင်ပြည်တွင်းခရီးသည်များလေဆိပ်သို့ ဆိုက်ရောက်/ ထွက်ခွာ အဆင်ပြေမှုရှိစေရေး ယာယီဆောင်ရွက်ထားရှိမှုနှင့် အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်များ အဆင်ပြေစွာ ပျံသန်းပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် လေဆိပ်တာဝန်ရှိသူများက လက်ရှိကာလတွင် ပြည်တွင်းခရီးစဉ်အတွက် ယာယီ အသုံးပြုလျက်ရှိသည့် ခရီးသည်များသွားလာမှု လွယ်ကူစေရေးစီစဉ်ဆောင်ရွက်ထားမှု အခြေအနေနှင့် မကြာမီ ပြန်လည်ဖွင့်လှစ်မည့် ပြည်ပခရီးစဉ်များနှင့်ပတ်သက်၍ ဆိုက်ရောက်ခရီးသည်များနှင့် ထွက်ခွာခရီးသည်များအတွက် လေဆိပ်ဝန်ဆောင်မှုဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် လိုအပ်ချက်ရှိသည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးအား ငလျင်ဘေးဒဏ်ကြောင့်နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံအတွင်း ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ပြုပြင်ရေးဆောင်ရွက်မည့်အစီအစဉ်များကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လေဆိပ်အား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး၊ လေဆိပ်ဝန်ဆောင်မှုများ ယခင်အတိုင်းအပြည့်အဝဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ

၂၄-၄-၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၄၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၄၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၄၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၄၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၄၂ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေအိုးရရွှေဖားရကျောင်းတိုက်သို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်ကြီးများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် စဉ့်ကိုင်မြို့နယ် ရှမ်းရွာကျေးရွာအုပ်စုရှိ မေတ္တာစွမ်းရည်ရွှေသိမ်တော်ဘုန်းတော်ကြီးကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်စေတီတော်များရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အဦများ၊ အရန်စေတီများဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ မလေးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာကုသရေးအဖွဲ့၏ ယာယီဆေးရုံအတွင်း ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကိုလည်းကောင်း၊ ၎င်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသောနေရာများ၌ ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်းကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့၊ အေးမြဝတီရပ်ကွက်ရှိ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်(စစ်ကိုင်း)၊ ပိုးတန်းရပ်ကွက်နှင့် နန်းစုရပ်ကွက်တို့ရှိ လူနေအဆောက်အဦတို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ခုတင်(၂၀၀)ဆံ့အထွေထွေရောဂါကုပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုမီးသတ်ရုံးသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုပြီး မိသားစုများအတွက် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့်အဝတ်အထည်များပေးအပ်စဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ နန်းမြို့ရိုးသို့သွားရောက်၍ရတနာပုံဥယျာဉ်လမ်းမတစ်လျှောက် အများပြည်သူများစိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ရေးအတွက် သန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ မြို့ရိုးအရှေ့ဘက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လွန်ကဲပြသာဒ်နေရာတွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများ၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့်မြို့မရဲစခန်းနေရာ၊ ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုမီးသတ်ရုံး တို့၌ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အထည်များပေးအပ်သည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အောင်မြေသာစံမြို့နယ်ရှိ Sky Villa၊ ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel၊ မာကျူရီဟိုတယ်၊ ဘီကျင်ဟိုတယ်၊ တိုင်းသမဝါယမဦးစီးမှူးရုံးနှင့် ချမ်းအေးသာစံမြို့နယ်ရှိ အန္တရာယ်ရှိ အဆောက်အဦနေရာများသို့ သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများအား ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ ရွှေကျီးမြင်ဘုရား၊ Sky Villa၊ အမရပူရမြို့နယ်ရှိ ရွှေအိုးရရွှေဖားရကျောင်းတိုက်၊ ကွမ်စီရင်ဗုဒ္ဓဘာသာတရုတ်ဘုံကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ဝေဿလီမဟာဂန္ဓာရုံကျောင်းတိုက်၊ သမိဒ္ဓေါဒယ(ယောသီလရှင်ပရိယတ္တိစာသင်တိုက် နေရာများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့်အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများအား ကြည့်ရှုပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ လုပ်ငန်းဆောင်ရွက်နေသူများအား



မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ကျောက်ဆည်ခရိုင်အတွင်း ထိခိုက်ပျက်စီးသွားသော အခြေခံပညာအထက်တန်းကျောင်းပြိုကျပျက်စီးမှုအား နယ်မြေခံတပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့်ဒေသခံပြည်သူများက ဖယ်ရှားရှင်းလင်းပေးစဉ်။



မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ကျောက်ဆည်ခရိုင်အတွင်း ထိခိုက်ပျက်စီးသွားသော အခြေခံပညာအထက်တန်းကျောင်းပြိုကျပျက်စီးမှုအား ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုကိုတွေ့ရစဉ်။

**စာမျက်နှာ ၁၂ သို့◆**

◆ စာမျက်နှာ ၁၁ မှအဆက်

စားသောက်ဖွယ်ရာများပေးအပ်ခြင်းတို့ ဆောင်ရွက်ပေးသည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်တို့သည် MOTTAMA Foundation မှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ကာလတန်ဖိုးကျပ်သိန်း ၂၂၀၀ တန်ဖိုးရှိ လူနေမိုးကာတဲ ၄၀၀ လုံးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် တာဝန်ရှိသူများလိုက်ပါလျက်ကျောက်ဆည်မြို့၊ သင်တောင်းကြီးကျေးရွာရှိ မဟာရွှေသိမ်တော်မြတ်စွာဘုရား၌ ရွှေသင်္ကန်းကပ်လှူခြင်း၊ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီဘုန်းတော်ကြီးကျောင်း၌ သန့်ရှင်းရေးပြုလုပ်နေမှုများကိုလည်းကောင်း၊ ယာယီဈေးအဖြစ်ပြောင်းရွှေ့ဖွင့်လှစ်မည့် စည်ပင်သာယာရေးပိုင်နယ်နိမိတ်ဖြစ်သော ဖောင်းရွာရပ်ကွက်၊ ဖောင်းရွာကွင်း၌ မြေနေရာရှင်းလင်းဖော်ထုတ်နေမှုများကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့်ထိခိုက်ခဲ့သည့် မင်းကုန်းမဟာစာသင်တိုက်မှ ကျောင်းဆောင်များအား SOP ဖြင့်စစ်ဆေးခဲ့ပြီး အန္တရာယ်ရှိ (၄)ထပ်ဆောင်အဆောက်အအုံဖြိုဖျက်ရှင်းလင်းဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ(၁၁၆၇)လုံးအားစစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ(၂၃၃)လုံး၊ ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံ(၈၃၀)လုံး၊ အန္တရာယ်ရှိ အဆောက်အအုံများမှ (၁၆၁)လုံး ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်အဆောက်အအုံ(၇၂)လုံးဖြစ်ကြောင်း သိရှိရသည်။

၎င်းနောက် စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ ချည်မျှင်လုပ်သားကျေးရွာရှိ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ပန်ဒါချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ (ပလိပ်)၊ မြောက်ကိုင်းကျေးရွာအုပ်စု၊ ဆယ့်နှစ်ကိုင်းကျေးရွာရှိ EABC(Europe & Asia Beverages Co.,Ltd)စက်ရုံနှင့် ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာ Htike Htike အထည်ချုပ်စက်ရုံများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ်၊ ရှမ်းရွာကျေးရွာအုပ်စုရှိ မေတ္တာစွမ်းရည်ရွှေသိမ်တော်ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အားဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ကျောက်ဆည်ခရိုင်အတွင်း ထိခိုက်ပျက်စီးသွားသော အခြေခံပညာကျောင်း(၃၂၀)ကျောင်းရှိရာ ဧပြီလ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အခြေခံပညာအထက်တန်းကျောင်းများအားလုံး၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် မြို့မိမြို့ဖများစုပေါင်း၍ ပြိုကျပျက်စီးသွားသော အပျက်အစီးများကို ဖယ်ရှားခြင်းနှင့် ကျောင်းအတွင်း/အပြင်သန့်ရှင်းရေးတို့ကို အပြီးသတ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဧပြီ ၂၄

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတက္ကသိုလ် သုတေသနစင်တာရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ကို နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်အဖြစ် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုစေမည့်ပညာရပ်များ ဆက်လက်မြှင့်တင်ဖြည့်ဆည်းပေးရန်၊ ပညာအခြေပြုလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် ဘွဲ့ကြို၊ ဘွဲ့လွန်လူငယ်များ၏ တီထွင်ဖန်တီးမှုစွမ်းရည်များပြသရန်၊ တက္ကသိုလ်၏ ရှေ့နှစ် ၁၀၀ မျှော်မှန်းချက်ချမှတ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် လာမည့်အောက်တိုဘာလတွင် စည်စည်ကားကားသိုက်သိုက်ဝန်းဝန်းကျင်းပနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အစည်းအဝေးတက်ရောက်လာသူများ၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အားလုံး၏ စုပေါင်းအားဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် မိမိတို့ပူးပေါင်းဆောင်ရွက်မည့်ကဏ္ဍအလိုက် ညီညီညွတ်ညွတ်ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် တက်ရောက်လာသူများက ရာပြည့်သဘင်ကို စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မန္တလေးတက္ကသိုလ်သုတေသနစင်တာရှိသုတေသနသုံးစက်ပစ္စည်းများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်အတွက် အကျိုးရှိထိရောက်သော သုတေသနလုပ်ငန်းများတွင် စနစ်တကျအသုံးချဆောင်ရွက်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလာတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်များတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဇွန်လအမီ ကျောင်းဖွင့်နိုင်ရေးစီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ (လမ်းခွ) အခြေခံပညာအထက်တန်းကျောင်း၊ ကူမဲမြို့ အခြေခံပညာအထက်တန်းကျောင်းများ ဇွန်လကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့မှ ကျောင်းသား၊ ကျောင်းသူများ၏ တက္ကသိုလ်ဝင် စာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးမှုကြောင့်လာမည့် ဇွန်လ ၁၆ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို သက်ဆိုင်ရာ အခြေခံပညာကျောင်းများတွင် ဘာသာရပ်ဆိုင်ရာ ပြန်လည်သင်ကြားပေးမည့်အပြင် ပုံနှိပ်ဖတ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး မပျက်မကွက်ပညာသင်ကြားနိုင်ရေးအတွက် မိမိတို့အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားကာ ကျောင်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။(**သတင်းစဉ်**)

# ဆင်သေဆည်ရေသောက်စနစ်အတွင်းရှိ နွေစပါးနှင့်နွေအခြားသီးနှံလျာထားဧရိယာများသို့ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေအား ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဧပြီ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေဆည်ရေသောက်စနစ်ရှိ လက်ယာမြောင်းမကြီးနှင့် လက်ဝဲမြောင်းမကြီးတို့မှ နွေစပါးနှင့်နွေအခြားသီးနှံလျာထားဧရိယာများသို့ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ဆင်သေရေလှောင်တမံမှ ထုတ်လွှတ်သောရေများအား ဆင်သေချောင်းမှ တိုက်ရိုက်ရေသွယ်မြောင်းတူးဖော်၍လက်ယာမြောင်းမကြီးသို့ ရေပို့လွှတ်ပြီး လက်တံမြောင်း၊ လက်တံမြောင်းခွဲတို့မှ နွေစပါးစိုက်ခင်းများသို့ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေ၊ ရေစုဧရိယာမှတစ်ဆင့် ရေစုပ်တင်ပန့်များဖြင့်အသုံးပြုကာ လက်ဝဲမြောင်းမကြီးသို့ ရေပေးသွင်း၍ နွေစပါးစိုက်ခင်းများသို့ ရေရောက်ရှိနေမှုအခြေအနေနှင့် ဆင်သေရေလွှဲဆည်ရှေ့တွင် မြေသားရေတားတာပေါင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ဆင်သေချောင်းမှ လက်ဝဲမြောင်းမကြီးအတွင်းသို့ စိုက်ပျိုးရေပိုမိုပေးဝေနိုင်ရေးအတွက် တိုက်ရိုက်ရေခေါ်မြောင်းတူးဖော်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



တပ်ကုန်းမြို့နယ် မယ်ဇလီကျွန်းကျေးရွာအနီး ဆင်သေရေလှောင်တမံ၏ ဆည်ရေများကို လက်ဝဲ/လက်ယာမြောင်းမကြီးများဖြင့် ရေသောက်စနစ်သို့ ထိန်းညှိပို့လွှတ်ပေးလျက်ရှိသည့် ဆင်သေရေလွှဲဆည် (ဒဟတ်ကုန်းဆည်) သည် မန္တလေးငလျင်ကြီးကြောင့် မတ်လ ၂၈ ရက်တွင် ပထမအကြိမ်ထိခိုက်ပျက်စီးခဲ့ပြီး ဧပြီလ ၁၁ ရက်တွင် လှုပ်ခတ်ခဲ့သည့် နောက်ဆက်တွဲငလျင်များကြောင့် ဒုတိယအကြိမ်ထပ်မံကျိုးပေါက် ပျက်စီးခဲ့ရသဖြင့် ရေသောက်စနစ်အတွင်းရှိ နွေသီးနှံများအတွက် စိုက်ပျိုးရေပေးဝေမှု နှောင့်နှေးခဲ့ရာ ယခုအချိန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက လက်ယာမြောင်းမကြီးအား ဧပြီလ ၁၇ ရက်တွင်လည်းကောင်း၊ လက်ဝဲမြောင်းမကြီးအား ဧပြီလ ၂၁ ရက်တွင်လည်းကောင်း နွေစပါးနှင့် နွေအခြားသီးနှံလျာထားဧရိယာများသို့ စိုက်ပျိုးရေများ ပြန်လည်ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။ (မဝ)

# လောကဓံအား ဤသို့အောင်မြင်စွာရင်ဆိုင်ကျော်လွှားမည်

ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)

> ❖ **လူတို့လောဘတရားကြီးမားလာသောအခါ ငတ်မွတ်ဘေးဟူသော ဒုဗ္ဘိက္ခန္တရကပ်ကျရောက် . . .**
>
> ❖ **လူတို့ဒေါသတရားကြီးမားလာသောအခါ လက်နက်ဘေးဟူသော သတ္ထန္တရကပ်ကျရောက် . . .**
>
> ❖ **လူတို့မောဟတရားကြီးမားလာသောအခါ အနာရောဂါဘေးဟူသော ရောဂန္တရကပ်ကျရောက် . . .**

### ဘဝနှင့်လောကဓံတရား

ကျွန်ုပ်တို့သည် ဘဝခရီးကိုလျှောက်လှမ်းနေသူများ ဖြစ်ကြသည်။ ဘဝခရီးကိုလျှောက်လှမ်းရင်း လောကဓံတရားအမျိုးမျိုးကို မလွဲမသွေတွေ့ကြုံကြရမည်။ မြတ်ဗုဒ္ဓက ကျွန်ုပ်တို့လူသားများတွေ့ကြုံရမည့် လောကဓံတရားရှစ်ပါးကို ဟောကြားခဲ့သည်။ ယင်းတို့မှ လာဘဟူသော လာဘ်ပေါ်များခြင်း၊ အလာဘဟူသော လာဘ်နည်းပါးခြင်း၊ ယသဟူသော အခြွေအရံများခြင်း၊ အယသဟူသော အခြွေအရံနည်းပါးခြင်း၊ နိန္ဒာဟူသော ကဲ့ရဲ့ခြင်း၊ ပသံသာဟူသော ချီးမွမ်းခြင်း၊ သုခဟူသော ချမ်းသာခြင်း၊ ဒုက္ခဟူသော ဆင်းရဲခြင်းတို့ဖြစ်ကြသည်။ ယခုကျွန်ုပ်တို့ ခံစားနေရသော မန္တလေးငလျင်ကြီးသည် ဒုက္ခဆင်းရဲခြင်းဟူသော လောကဓံတရားပင်ဖြစ်သည်။

### ကျွန်ုပ်တို့၏တာဝန်နှစ်ရပ်

ကျွန်ုပ်တို့သည် ဘဝခရီးကိုလျှောက်လှမ်းရင်း လောကဓံတရားတစ်မျိုးမျိုး တွေ့ကြုံရသည့်အခါ ဆောင်ရွက်ရမည့်တာဝန်နှစ်ရပ်ရှိသည်။ ပထမတာဝန်မှာ တွေ့ကြုံရသည့်လောကဓံတရားအပေါ် ယောနိသောမနသိကာရ မှန်ကန်စွာနှလုံးသွင်းပြီး ရင့်ကျက်တည်ငြိမ်သောစိတ်အခြေအနေတစ်ရပ် တည်ဆောက်ရန်ဖြစ်သည်။ ဒုတိယတာဝန်မှာ ကြုံတွေ့ရသည့်လောကဓံတရားအား သတိ၊ ပညာ၊ ဝီရိယဟူသော အားသုံးမျိုးဖြင့် ရင်ဆိုင်ဖြေရှင်းပြီး အဖိုးတန်ဘဝသင်ခန်းစာ၊ အတွေ့အကြုံ၊ ဗဟုသုတ၊ အသိ၊ သတိ စသည့်ကောင်းကျိုးရလဒ်အမျိုးမျိုးကို ထုတ်ယူရန်ဖြစ်သည်။ ဤတာဝန်နှစ်ရပ်ကို မပျက်မကွက်ထမ်းဆောင်ပါက လောကဓံတရားတစ်မျိုးမျိုးနှင့်ကြုံတွေ့ပြီးသည့်အခါတိုင်း ကျွန်ုပ်တို့၏စိတ်ဓာတ်သည် ပိုမိုရင့်ကျက်တည်ငြိမ်လာမည်။ ကျွန်ုပ်တို့၏အတွေ့အကြုံ၊ ဗဟုသုတနှင့် အသိ၊ သတိ အဆင့်အတန်းသည် ပိုမိုမြင့်မားလာမည်။ လောကဓံတရားက မည်သို့ပင်ဆိုးကျိုးပေးနေစေကာမူ အသိ၊ ပညာ၊ ဝီရိယဖြင့် ယင်းဆိုးကျိုးများကို ကောင်းကျိုးအဖြစ်သို့ ပြောင်းယူနိုင်မည်ဖြစ်သည်။

### ယောနိသောမနသိကာရ

ယောနိသောမနသိကာရဆိုသည်မှာ ဘဝခရီးကိုဖြတ်သန်းရင်း လောကဓံတရားတစ်မျိုးမျိုး ကြုံတွေ့ရသည့်အခါ ဗုဒ္ဓအဆုံးအမတရားများကို နှလုံးသွင်းဆင်ခြင်သည်။ ဤသို့ဆင်ခြင်မှုကြောင့် ကြုံတွေ့နေရသည့်လောကဓံတရားနှင့်ပတ်သက်၍ မှန်ကန်သောအသိဖြစ်ပေါ်လာသည်။ မှန်ကန်သောအသိကြောင့် မှန်ကန်သောအယူဖြစ်ပေါ်လာသည်။ မှန်ကန်သောအယူကြောင့် မှန်ကန်သောအတွေးဖြစ်ပေါ်လာသည်။ မှန်ကန်သောအတွေးကြောင့် ရင့်ကျက်တည်ငြိမ်သော စိတ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လာသည်။ ဤသဘောသည် ယောနိသောမနသိကာရ မှန်ကန်စွာ နှလုံးသွင်းခြင်းသဘောဖြစ်သည်။ ဘဝခရီးတစ်လျှောက်လုံး လောကဓံတရားတစ်မျိုးမျိုးနှင့်တွေ့ကြုံရမည်ဖြစ်ရာ ကျွန်ုပ်တို့ အစဉ်စွဲကိုင်ရမည့်တရားမှာ ယောနိသောမနသိကာရပင်ဖြစ်သည်။

### လောကဓံထံမှကောင်းကျိုးရလဒ်များထုတ်ယူခြင်း

လောကဓံထံမှကောင်းကျိုးရလဒ်ထုတ်ယူခြင်းဆိုသည်မှာ တွေ့ကြုံလာရသောမည်သည့်လောကဓံတရားမျိုးကိုမဆို မိမိ၏စိတ်ကို အသိတရားဖြင့်ထိန်း၊ အရာရာကိုပညာဖြင့်ဆင်ခြင်ပြီး ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည်များကို မလျှော့သော ဝီရိယဖြင့်ကြိုးပမ်းဆောင်ရွက်ပြီး အောင်မြင်မှုရလဒ်အမျိုးမျိုးကို ဖော်ထုတ်ရယူခြင်းဖြစ်သည်။ တွေ့ကြုံနေရသောလောကဓံတရားကြောင့် အခြေအနေဆိုးအမျိုးမျိုးဖြစ်ပေါ်နေစေကာမူ ယင်းအခြေအနေဆိုးများကို အသိ၊ ပညာ၊ ဝီရိယဖြင့်ကိုင်တွယ်ဖြေရှင်းပြီး အခြေအနေကောင်းများအဖြစ်သို့ အောင်မြင်စွာပြောင်းလဲခြင်းဖြစ်သည်။ ဤသဘောသည် လောကဓံတရားထံမှကောင်းကျိုးရလဒ်များ ထုတ်ယူခြင်းသဘောဖြစ်သည်။

### ကျွန်ုပ်တို့ခံစားခဲ့ရသည့်မန္တလေးငလျင်ကြီး

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် အင်အားပြင်း မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့သည်။ ၎င်းငလျင်ကြီး လှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲငလျင်ငယ်များ အကြိမ်ကြိမ်လှုပ်ခတ်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော် ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့တွင် ငလျင်ဒဏ်သင့်ခဲ့သည်။

ထိုသို့အင်အားပြင်းထန်စွာလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုများစွာလည်း ကြုံတွေ့ခဲ့ရသည်။

### မန္တလေးငလျင်ကြီးအားမှန်ကန်စွာနှလုံးသွင်းမည်

မန္တလေးငလျင်ကြီးသည် သူ့သဘောသူဆောင်ကာ ကျွန်ုပ်တို့ထံရောက်လာပြီး ကြီးစွာသောထိခိုက်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့သည်။ မန္တလေးငလျင်ကြီးက ကျွန်ုပ်တို့အား ဝမ်းနည်းပူဆွေးသောကအမျိုးမျိုးကိုပေးသော်လည်း ကျွန်ုပ်တို့ကလက်မခံပါ။ ဗုဒ္ဓအဆုံးအမတရားများဖြင့် ယောနိသောမနသိကာရ မှန်ကန်စွာနှလုံးသွင်းပြီး ဓမ္မအသိ၊ ဓမ္မသတိများကို ဖော်ထုတ်ကာ ရင့်ကျက်တည်ငြိမ်သော စိတ်အခြေအနေတစ်ရပ်ကိုသာတည်ဆောက်မည်။ နှလုံးသွင်းဆင်ခြင်ရမည့် ဗုဒ္ဓအဆုံးအမတရားတော်များအနက် အောက်ဖော်ပြပါတရားတော်သုံးမျိုးကို ဖော်ပြလိုသည်–

### လောကသည် အနတ္တအစိုးမရသည့်သဘော

လောကကြီးသည် မိမိဖြစ်စေချင်သည့်အတိုင်း မဖြစ်ဘဲ သူဖြစ်ချင်သည့်အတိုင်းဖြစ်နေသည်။ ထို့ကြောင့် လောကကြီးသည် အနတ္တအစိုးမရသည့် သဘောရှိသည်။ ဤသို့အစိုးမရသည့်သဘောကို ကျွန်ုပ်တို့ရှောင်လွှဲ၍မရပါ။ ယခုလှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးသည် အနတ္တအစိုးမရဟူသော တရားသဘောအရ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ လောကဓံထာဝရတည်မြဲသောအရာဟူ၍မရှိ၊ ဖြစ်ချိန်တန်ဖြစ်ပြီး ပျက်ချိန်တန်လျှင် ပျက်ကြရမည်ဟု နှလုံးသွင်းဆင်ခြင်မည်။ ထို့နောက် အနတ္တအစိုးမရသော လောကကြီးတွင် ရပ်တည်နေရသည်နှင့်အမျှ ကာလပတ်လုံး အချိန်တိုင်း အသိနှင့်သတိကြီးစွာထားနေရန်လိုအပ်သည်ဟူသောသင်ခန်းစာကို ကျွန်ုပ်တို့ ဖော်ထုတ်ကြရမည်။

### ပြုခဲ့သောကံ၏အကျိုးကိုရှောင်လွှဲ၍မရ

အကြင်သူသည်ကိုယ်ဖြင့်မကောင်းသောအမှုကိုပြု၏၊ နှုတ်ဖြင့်မကောင်းသောအမှုကိုပြု၏၊ စိတ်ဖြင့် မကောင်းသောအမှုကိုပြု၏၊ ဤမကောင်းသောကံသုံးပါး၏ဆိုးကျိုးသည် မခံစားရဘဲပျောက်ပျက်၍မသွား၊ ယင်းဆိုးကျိုးများကို ယခုဘဝ၌လည်းခံစားရ၏။ နောင်ဘဝ၌လည်းခံစားရ၏။ နောင်သံသရာအဆက်ဆက်၌လည်း ခံစားရ၏။ အကြင်သူသည် ကိုယ်ဖြင့်ကောင်းသောအမှုကိုပြု၏။ နှုတ်ဖြင့်ကောင်းသောအမှုကိုပြု၏။ စိတ်ဖြင့်ကောင်းသောအမှုကိုပြု၏။ ဤကောင်းသောကံသုံးပါး၏ အကျိုးသည် မခံစားရဘဲပျောက်ပျက်၍မသွား။ ယခုဘဝ၌လည်း ခံစားရ၏၊ နောင်ဘဝ၌လည်း ခံစားရ၏။ နောင်သံသရာအဆက်ဆက်၌လည်း ခံစားရ၏ဟု ဗုဒ္ဓအဆုံးအမရှိ၏။ ဤအဆုံးအမကိုနှလုံးသွင်းပြီး ယခုကဲ့သို့ငလျင်ဒဏ်ခံစားရခြင်းသည် အတိတ်ဘဝက ကျွန်ုပ်တို့ပြုခဲ့ကြသော မကောင်းသောကံသုံးပါး၏ ဆိုးကျိုးဖြစ်သည်ဟုဆင်ခြင်မည်။ ထို့နောက် မကောင်းသော ဆိုးကျိုးလောကဓံတရားမျိုး ထပ်မံမခံစားနိုင်စေရန်အတွက် မကောင်းသော ကံသုံးပါးကိုလုံးဝမကျူးလွန်ဘဲ ကောင်းသော ကံသုံးပါးကိုသာပြုမူမည်ဟု ကျွန်ုပ်တို့ သင်ခန်းစာ ဖော်ထုတ်ကြရမည်။

### ကပ်ကြီးသုံးပါးဖြစ်ရသည့်အကြောင်းရင်း

လူတို့ လောဘတရားကြီးမားလာသောအခါ ငတ်မွတ်ဘေးဟူသော ဒုဗ္ဘိက္ခန္တရကပ်ကျရောက်သည်။ လူတို့ဒေါသတရားကြီးမားလာသောအခါ လက်နက်ဘေးဟူသော သတ္ထန္တရကပ်ကျရောက်သည်။ လူတို့မောဟတရားကြီးမားလာသောအခါ အနာရောဂါဘေးဟူသော ရောဂန္တရကပ်ကျရောက်သည်ဟူ၍ ဗုဒ္ဓအဆုံးအမရှိသည်။ ယခုကဲ့သို့ ငလျင်ဒဏ်သင့်ခြင်းသည် ကျွန်ုပ်တို့လောဘတရားကြီးမားနေကြသောကြောင့်ဖြစ်သည်ဟု နှလုံးသွင်းဆင်ခြင်မည်။ ထို့နောက် ဤကဲ့သို့ငလျင်ဒဏ်အပါအဝင် အခြားမည်သည့်ကပ်ကြီးမျိုးမှမကျရောက်စေရန် အတွက် စိတ်အတွင်းသို့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန စသည့်မကောင်းသောစိတ်များမဝင်စေဘဲ အလောဘ၊ အဒေါသ၊ အမောဟ၊ မေတ္တာကရုဏာ၊ မုဒိတာ စသည့်ကောင်းမှုကုသိုလ်စိတ်များကိုသာ ဝင်ရောက်နေစေရမည်ဟူသော သင်ခန်းစာကို ကျွန်ုပ်တို့ဖော်ထုတ်ကြရမည်။

### ငလျင်ဒဏ်ထံမှရလဒ်ကောင်းများထုတ်ယူခြင်း

လောက၌အခြေအနေဆိုးတစ်ရပ်ဖြစ်ပေါ်လာတိုင်း ယင်းအခြေအနေဆိုးနှင့်အတူ အခြေအနေကောင်းများ ပူးတွဲဖြစ်ပေါ်နေလေ့ရှိသည်။ ယင်းအခြေအနေကောင်းများကို သတိပညာဖြင့် ဆင်ခြင်သုံးသပ်ဖော်ထုတ်ပြီး ဝီရိယရှိစွာ အသုံးချပါက တွေ့ကြုံခံစားနေရသောအခြေအနေဆိုးများကို အောင်မြင်စွာဖြေရှင်းကျော်လွှားနိုင်သည်။ ဤသဘောအတိုင်း မန္တလေးငလျင်ဆိုးကြီးသည်ယင်းနှင့်အတူ အခြေအနေကောင်းများယူဆောင်လာခဲ့သည်။ ယင်းအခြေအနေကောင်းများကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်အကြီးအကဲများက သတိ၊ ပညာ၊ ဝီရိယကြီးစွာ၊ ထိရောက်မှန်ကန်စွာ အသုံးချနေမှုကြောင့် အမိနိုင်ငံအတွက် ရလဒ်ကောင်းများ၊ အခြေအနေကောင်းများဖြစ်ပေါ်လျက်ရှိသည်။ ယင်းသို့ဖြစ်ပေါ်နေသော ရလဒ်ကောင်း၊ အခြေအနေကောင်းများအနက် အဓိကအချက်လေးချက်ကို အောက်ပါခေါင်းစဉ်များဖြင့် ဖော်ပြလိုပါသည်–

### ဓမ္မအသိနှင့်သတိပိုမိုမြင့်မားလာခြင်း

လှုပ်ခတ်ခဲ့သောမန္တလေးငလျင်ကြီးကြောင့် လောကကြီးသည်အနိစ္စအမြဲမရှိ၊ ဒုက္ခဆင်းရဲခြင်း၊ အနတ္တအမြဲမရှိဟူသော ဓမ္မအသိနှင့်သတိ ပိုမိုမြင့်မားလာသည်။ လူသည်မိမိပြုသောကံနှင့်တူသော အကျိုးကိုမလွဲမသွေခံစားရသည်။ အကြောင်းတရားကောင်းမှသာ အကျိုးတရားကောင်းမည်ဆိုသည့် ဓမ္မအသိပိုမိုခိုင်မာလာသည်။ ကပ်ကြီးသုံးပါး မည်သည့်အတွက်ကြောင့်ဖြစ်ရသည်ကိုလည်းကောင်း၊ မည်ကဲ့သို့ကာကွယ်တားဆီးနိုင်သည်ကိုလည်းကောင်း သိမြင်လာသည်။ တွေ့ကြုံရသော မည်သည့်လောကဓံတရားမျိုးကိုမဆို ရင့်ကျက်တည်ငြိမ်စွာ ရင်ဆိုင်ကျော်လွှားနိုင်သောနည်းမှာ ယောနိသောမနသိကာရ မှန်ကန်စွာနှလုံးသွင်းခြင်းပင်ဖြစ်သည် ဆိုသော ဓမ္မအသိပိုမိုမြင့်မားလာသည်။

### အသိမှန်အမြင်မှန်များပိုမိုဖြစ်ပေါ်လာခြင်း

ယခုအခါ နိုင်ငံတော်အကြီးအကဲသည် ငလျင်ဒဏ်သင့်ပြည်သူများနှင့်အတူရှိနေသည်။ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အမြန်ဆုံးအရေးတယူ ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်မှန်သမျှကို နေ့မအား ညမအား စွမ်းအားကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြေပြင်ကွင်းဆင်းပြီး ကယ်ဆယ်ရေး၊ နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ စားရေး၊ ကျန်းမာရေး၊ ဆေးဝါးကုသရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ တပ်မတော်ကလည်း ငလျင်ဒဏ်သင့်ပြည်သူများ၏ ဒုက္ခအခက်အခဲ၊ အကျပ်အတည်းပေါင်းစုံကို ကူညီဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။ ဤသို့ ငလျင်ဒဏ်သင့်ပြည်သူများနှင့်အတူရှိနေမှု၊ ဘေးဒုက္ခအကျပ်အတည်းများကို ကိုယ်ချင်းစာနာစိတ်အပြည့်ဖြင့် မျှဝေခံစားနေမှုတို့ကြောင့် နိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်၏ သဘောထားနှင့်စေတနာအမှန်ကို မိဘပြည်သူများက ပိုမိုသိမြင်လာကြသည်။ စာမျက်နှာ ၁၄ သို့ ■

■ **စာမျက်နှာ ၁၃ မှအဆက်**

**စည်းလုံးညီညွတ်မှုစိတ်ဓာတ်မြင့်မားလာခြင်း**

ယခုအခါ ငလျင်ဒဏ်သင့်ပြည်သူများကို စေတနာ၊ သဒ္ဓါတရားထက်သန်သောစီးပွားရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံ့ဝန်ထမ်းများ၊ တစ်သီးပုဂ္ဂလအလှူရှင်များက ဝိုင်းဝန်းကူညီဖေးမလျက်ရှိသည်။ ဤသို့ ဒုက္ခနှင့်အကျပ်အတည်းပေါင်းစုံကြုံတွေ့နေရချိန်တွင် ကရုဏာ၊ မေတ္တာ၊ အကြင်နာတရားတို့ဖြင့် ကူညီဖေးမမှုတို့ကြောင့် ခံစားနေရသော ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာဖိစီးမှုများ အတိုင်းအတာတစ်ခုအထိလျော့ကျသွားခဲ့သည်။ နိုင်ငံသူ၊ နိုင်ငံသားအချင်းချင်းပိုမိုချစ်ခင်မြတ်နိုးလာကြသည်။ အချင်းချင်းအပြန်အလှန်အားကိုးယုံကြည်လာကြသည်။ ပိုမိုစည်းလုံးညီညွတ်လာကြသည်။ စည်းလုံးညီညွတ်ခြင်း၏အကျိုးအာနိသင်ကို လက်တွေ့သိမြင်လာကြသည်။ ဤသို့စည်းလုံးညီညွတ်နေမှသာ ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်လာသည့်အခါတိုင်း အောင်မြင်စွာကျော်လွှားနိုင်မည်ဟူသော စည်းလုံးညီညွတ်ရေးစိတ်ဓာတ်မြင့်မားလာသည်။

**နိုင်ငံတကာဆက်ဆံရေးပိုမိုအောင်မြင်လာခြင်း**

ပြည်ပအင်အားစုအချို့က ကျွန်ုပ်တို့ အမိနိုင်ငံအား ကမ္ဘာ့နိုင်ငံများ၏ ဝိုင်းပယ်ခြင်းကိုခံရသည့် နိုင်ငံ၊ အထီးကျန်နိုင်ငံအဖြစ်သို့ ရောက်ရှိအောင် နည်းမျိုးစုံဖြင့် ကြိုးပမ်းနေကြသည်။ သို့သော် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးက ယင်းပြည်ပအင်အားစုများ၏ ကြိုးပမ်းမှုများကို ရိုက်ချိုးပစ်ခဲ့သည်။ ငလျင်ဒဏ်သင့်သော ကျွန်ုပ်တို့အမိနိုင်ငံအား ပြည်ပမိတ်ဆွေ ၁၆ နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ အချိန်တိုအတွင်း အမြန်ရောက်ရှိခဲ့သည်။ ပြည်ပနိုင်ငံများမှ နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် လူပုဂ္ဂိုလ် ၄၅ ဦးတို့ကလည်း ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ခဲ့ကြသည်။ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ အလှူရှင်များက အလှူငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဧပြီလ ၁၈ ရက်နေ့ နံနက် ၇ နာရီအထိ နိုင်ငံပေါင်း ၂၅ နိုင်ငံနှင့် ဟောင်ကောင်တို့မှ လေယာဉ် ၁၃၆ စင်း၊ သင်္ဘောခြောက်စင်း၊ မော်တော်ယာဉ် ၂၃ စီး မြန်မာနိုင်ငံသို့ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့်အတူရောက်ရှိခဲ့သည်။ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးဝန်ထမ်း ၁၉၇၅ ဦး၊ ထောက်ပံ့ရေးပစ္စည်း ၂၃၃၂ ဒသမ ၉၈ တန်နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၁၇၀ ဒသမ ၅၆ တန် စုစုပေါင်း ၃၅၀၃ ဒသမ ၅၇ တန်တို့ ကျွန်ုပ်တို့အမိနိုင်ငံထံသို့ရောက်ရှိခဲ့သည်။ ဤသို့ မိတ်ဆွေနိုင်ငံများ၏ဝန်းရံမှုများကို လက်ခံရရှိခြင်းသည် အမိနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်နေခြင်းသဘောဖြစ်သည်။ မန္တလေးငလျင်ကြီးက မြန်မာနိုင်ငံသည်အထီးကျန်နိုင်ငံမဟုတ်ကြောင်း မိတ်ဆွေနိုင်ငံများ၏ဝန်းရံမှုကို ထိုက်တန်စွာရရှိထားသည့်နိုင်ငံဖြစ်ကြောင်းပြသခဲ့သည်။

**အဆိုးထဲမှအကောင်း၊ အရှုံးထဲမှအမြတ်**

မန္တလေးငလျင်ကြီးအား ကျွန်ုပ်တို့ အမိနိုင်ငံအနေဖြင့် ယောနိသောမနသိကာရ မှန်ကန်စွာနှလုံးသွင်းဆင်ခြင်ပြီး သတိ၊ ပညာ၊ ဝီရိယ စွမ်းအားသုံးမျိုးဖြင့် ရင်ဆိုင်ဖြေရှင်းခဲ့သည်။ ဤသို့ဖြေရှင်းမှုကြောင့် အဆိုးထဲမှအကောင်း၊ အရှုံးထဲမှအမြတ်ဆိုသကဲ့သို့ နိုင်ငံသားများ၏ ဓမ္မအသိနှင့် သတိမြင့်မားလာခြင်း၊ အသိမှန်၊ အမြင်မှန်များပိုမိုဖြစ်ပေါ်လာခြင်း၊ စည်းလုံးညီညွတ်မှုစိတ်ဓာတ်မြင့်မားလာခြင်း၊ နိုင်ငံတကာဆက်ဆံရေး ပိုမိုအောင်မြင်လာခြင်း စသည့်အောင်မြင်မှုရလဒ်များရရှိခဲ့သည်။

မန္တလေးငလျင်ကြီးက ကျွန်ုပ်တို့အမိနိုင်ငံအား ယိုင်လဲအောင်ပြုလုပ်ခဲ့သော်လည်း ကျွန်ုပ်တို့အမိနိုင်ငံ ပိုမိုခိုင်မြဲလာခဲ့သည်။ အမိနိုင်ငံအား ကျိုးပျက်အောင်ချိုးဖျက်ခဲ့သော်လည်း ကျွန်ုပ်တို့အမိနိုင်ငံ တိုးတက်ခဲ့သည်။ ယောနိသောမနသိကာရနှင့် သတိ၊ ပညာ၊ ဝီရိယ စွမ်းအားသုံးမျိုးကြောင့် ဤသို့တိုးတက်ခဲ့ခြင်းဖြစ်သည်။ နောင်တွင်လည်း ယခုမန္တလေးငလျင်ကြီးကဲ့သို့ ဆိုးဝါးသော လောကဓံတရားမျိုးနှင့် တွေ့ကြုံကောင်းတွေ့ကြုံနိုင်သည်။ ဤသို့တွေ့ကြုံလာပါက မပျက်မကွက်ဆောင်ရွက်ရမည့်နည်းလမ်းမှာ တွေ့ကြုံလာရသည့် လောကဓံတရားအပေါ် ယောနိသောမနသိကာရ မှန်ကန်စွာနှလုံးသွင်းဆင်ခြင်ပြီး သတိ၊ ပညာ၊ ဝီရိယဟူသော စွမ်းအားသုံးမျိုးဖြင့် အောင်မြင်စွာရင်ဆိုင်ကျော်လွှားခြင်းသာဖြစ်ပါကြောင်း နိဂုံးချုပ်အနေဖြင့် တင်ပြအပ်ပါသည်။ ။

## သံသရာ ခရီးသည်

❖ မုန်းမာန်စိတ်ဝင်
ပြစ်တင်ပြောဆို၊ အကဲပိုလို့
ဘာဆိုဘာမျှ၊ လိုမကျဘဲ
ကာယဝစီ၊ သံစုံမြည်တော့
ဝီတိက္ကမ၊ ကံတွေရသည်
ရှေးကကုသိုလ် နည်းခဲ့ထင်။
ဝေးစွခရီး သွားဖို့ပြင်။

❖ မုန်းမာန်စိတ်ကဲ
အမြဲပြစ်မြင်၊ စိတ်ငြိုငြင်လို့
ရင်မှာလှိုင်းထ၊ နေမရဘဲ
ဒေါသလိုက်ဆူ၊ ပူကြီးပူတော့
ဖြူအောင်စိတ်မှ၊ ထားမရသည်
ဘဝသံသရာ လည်ဦးမည်။
အနုသယကံ မပြတ်လည်။

❖ သြော်...
ဒေါသလိုက်ဆူ
အပူလွန်ကဲ၊ ပျော်နိုင်ဘဲလျှင်
ကြိတ်ခဲမနိုင်၊ သောကလှိုင်လို့
ဆုပ်ကိုင်မရ၊ အနတ္တကို
အတ္တနှင့်သိမ်း၊ မီးမငြိမ်းပြီ
ခရီးဆက်ကြ လေဦးမည်။
ဘဝသံသရာ ခရီးသည်။
အတောမသတ် ခရီးရှည်။ ။

**မြတ်ထွဏ်းနောင်**

# အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကျင်းပ



တောင်ကြီး ဧပြီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားကွင်း၌ ဧပြီလ ၂၃ ရက်ညနေပိုင်းတွင် ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားအသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ထီးခမ်း FC အသင်းနှင့် ပျူခမ်းပအိုဝ်း FC အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပျူခမ်းပအိုဝ်း FC အသင်းက ထီးခမ်း FC အသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရဗိုလ်ဆွဲသည်။

ဆက်လက်၍ ပထမဆုရရှိသော ပျူခမ်းပအိုဝ်းအသင်းအား ဆုဖလားနှင့် ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုရရှိသော ထီးခမ်းအသင်းအား ဆုတံဆိပ်နှင့်ငွေကျပ် ခုနစ်သိန်း၊ တတိယဆုရရှိသော ညောင်ရွှေအင်းလူငယ် FC အသင်းအား ငွေကျပ် ငါးသိန်းနှင့် အကောင်းဆုံးအားကစားသမားဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် တာဝန်ရှိသူများက ဆုဖလားနှင့်တံဆိပ်များ အသီးသီးပေးအပ်သည်။

အဆိုပါ ရှမ်းပြည်နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားအသက်၁၈နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မတ်လ ၂၅ ရက်မှ စတင်ကျင်းပပြီး ပြိုင်ပွဲဝင်အသင်း ၁၄ သင်းပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

(၄၀၅)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၂၅ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | နိုင်ငံတော်သီချင်း |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလန်း တော်ဝင်ပန်း |
| ၄။ | ၁၀:၀၀ | နိုင်ငံတကာ သတင်း |
| ၅။ | ၁၁:၀၀ | အတွေးအမြင် |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၇။ | ၁၃:၀၀ | ဝေမျှဆွေးနွေး လူငယ့်အရေး |
| ၈။ | ၁၄:၀၀ | Soft Skill |
| ၉။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၁၀။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၁။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း ငြိုးမာန်ဖွဲ့စိမ်းရက်လေသလား အပိုင်း(၁) သရုပ်ဆောင်-ကျော်ဟိန်း၊ မေသန်းနု ဒါရိုက်တာ-အကယ်ဒမီစင်ရော်မောင်မောင်** |

# ရေနံချောင်းမြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး

ရေနံချောင်း ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ နွေရာသီကာလ အပူရှိန်မြင့်တက်လာမှုကြောင့် ပြည်သူများ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို သိရှိလိုက်နာနိုင်ရန်အတွက် ဧပြီလ ၂၄ ရက် နံနက်ပိုင်းတွင် အပူဒဏ်အန္တရာယ် အသိပညာပေးပိုစတာကပ်ခြင်းနှင့် အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများကို လူစည်ကားရာ ဈေးနှင့်လမ်းဆုံနေရာများတွင် လိုက်လံဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် နွေရာသီကာလ အပူဒဏ်အန္တရာယ်ကြောင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားလာကာ အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ်၊ လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များ၊ အပူဒဏ်အန္တရာယ်ကို အထူးသတိပြုရမည့်သူများ၊ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များ၊ အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုနည်းများ စသည့် အကြောင်းအရာများပါဝင်သည့် ပိုစတာများကို ပြည်သူများသိရှိလိုက်နာနိုင်ရန် ဈေးနှင့်လမ်းဆုံများတွင်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြေစိုက်ဘုတ်တွင်လည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင်လည်းကောင်း အသိပညာပေးကပ်ထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အတွင်း ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အဆောက်အဦ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာကြည့်တိုက်ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။




မန္တလေးငလျင်ကြီးကြောင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အဆောက်အဦ ထိခိုက်ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။

☆ **ရှေ့ဖုံးမှအဆက်**

အီလက်ထရွန်နစ်စာကြည့်တိုက်နှင့် စာဖတ်ခန်း၊ ဝန်ဇင်းမင်းရာဇာခန်းမ၊ စာအုပ်စင်ခန်းများ၊ ပေ၊ ပုရပိုက်ဌာနစိတ်နှင့် စာကြည့်တိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုများ၊ စာအုပ်များကို အမျိုးအစားအလိုက် ထိန်းသိမ်းထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာကြည့်တိုက်အတွင်းရှိ စာအုပ်များအား စာပေအမျိုးအစားအလိုက် ခွဲခြား၍ စနစ်တကျပြန်လည်သိမ်းဆည်းခြင်း၊ မှတ်တမ်းတင်ခြင်းများဖြင့် ထိန်းသိမ်းထားရှိရန်လိုကြောင်း၊ **စာမျက်နှာ ၁၆ သို့** ☆

**❖ စာကြည့်တိုက်အတွင်းရှိစာအုပ်များအား စာပေအမျိုးအစားအလိုက်ခွဲခြား၍ စနစ်တကျပြန်လည်သိမ်းဆည်းခြင်း၊ မှတ်တမ်းတင်ခြင်းများဖြင့် ထိန်းသိမ်းထားရှိရန်လို၊ ထိခိုက်ပျက်စီးခဲ့သည်များကို ပြန်လည်ပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်၊ စာကြည့်တိုက်အတွင်း နိုင်ငံတော်၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု သမိုင်းဖြစ်ရပ်မှန်များကို ရေးသားဖော်ပြထားသည့်စာကောင်းပေမွန်များကိုထိန်းသိမ်းထားရှိရန်လို . . .**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မဟာလေးလျောင်ကြီးကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရင်ပြင်တော်နှင့်သာသနိကအဆောက်အဦများထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်များအား
အစာအာဟာရများကျွေးမွေးစဉ်။

★ **စာမျက်နှာ ၁၅ မှအဆက်**

ထိခိုက်ပျက်စီးခဲ့သည်များကို ပြန်လည်ပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များသည် ပညာလိုလားသူများအတွက် လွတ်လပ်စွာဖြင့် ပညာရှာမှီးနိုင်သည့် တက္ကသိုလ်တစ်မျိုးဖြစ်ပြီး အဖိုးတန်နေရာတစ်ခုဖြစ်ကြောင်း၊ စာကြည့်တိုက်အတွင်း နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုသမိုင်းဖြစ်ရပ်မှန်များကို ရေးသားဖော်ပြထားသည့် စာကောင်းပေမွန်များကို ထိန်းသိမ်းထားရှိရန်လိုကြောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းစဉ်ကို နောင်လာနောက်သားတို့ အမှန်အတိုင်း သိရှိနိုင်ရန် လိုသည့်အတွက် မိမိတို့ တာဝန်ရှိသူများအနေဖြင့် အစဉ်အဆက် လက်ဆင့်ကမ်း၍ ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာကြည့်တိုက်ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက




ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အချင်း ၁ မီတာရှိ Bored Pile ပေါင်း ၄၄၀ ပေါ်တွင် စနစ်တကျတွက်ချက်၍ အုတ်မြစ်ချတည်ဆောက်ခဲ့မှုကိုတွေ့ရစဉ်။

**❖ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားကို ၂၀၀၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာတွင် အချင်း ၁ မီတာရှိ Bored Pile ပေါင်း ၄၄၀ ပေါ်တွင် စနစ်တကျ တွက်ချက်၍ အုတ်မြစ်ချတည်ဆောက်ခဲ့ခြင်းဖြစ်သဖြင့် ယခု ငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့ရချိန်တွင် မူလစေတီတော်ကြီး၌ အနည်းငယ်သာထိခိုက်ပျက်စီးခဲ့ခြင်းဖြစ် . . .**

လက်ခံရယူသည်။

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ ဥပ္ပါတသန္တိစေတီတော်ကြီးရှိ ရင်ပြင်တော်နှင့် သာသနိကအဆောက်အဦများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီး ရင်ပြင်တော်အချို့နေရာများတွင် ကွဲအက်ခြင်း၊ နိမ့်ကျခြင်းများဖြစ်ပေါ်ခဲ့မှု၊ သာသနိကအဆောက်အဦများ ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရင်ပြင်တော်နေရာများ၊ မြေထိန်းနံရံနေရာများနှင့် သာသနိကအဆောက်အဦအချို့အား ပြန်လည်ပြုပြင်ခြင်းများကို စနစ်တကျဖြင့် အမြန်ဆုံးဆောင်ရွက်သွားရန် လိုကြောင်း၊ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို မိုးရာသီမရောက်မီ ရနိုင်သမျှဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် စေတီတော်ကြီးရှိ သာသနိကအဆောက်အဦများ ပြန်လည်ပြုပြင်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းများကို ဆောင်ရွက်ရာတွင် စေတနာရှင်အလှူရှင်များအနေဖြင့် ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ရေးအတွက်လည်း နှိုးဆော်သွားရန် လိုကြောင်းဖြင့် မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မန္တလေးငလျင်ကြီးကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရင်ပြင်တော် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်လိုဏ်ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်များအား အစာအာဟာရများ ကျွေးမွေးခဲ့ကြသည်။

အဆိုပါ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ၂၀၀၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အချင်း ၁ မီတာရှိ Bored Pile ပေါင်း ၄၄၀ ပေါ်တွင် စနစ်တကျ တွက်ချက်၍ အုတ်မြစ်ချ တည်ဆောက်ခဲ့ခြင်းဖြစ်သဖြင့် ယခုငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့ရချိန်တွင် မူလစေတီတော်ကြီး၌ အနည်းငယ်သာ ထိခိုက်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း၊ စေတီတော်ကြီး ရင်ပြင်တော်အနေဖြင့် အချို့နေရာများတွင် ပြင်းထန်သောငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ကွဲအက်ခြင်း၊ နိမ့်ကျခြင်းများ ဖြစ်ပေါ်ခဲ့ရပြီး ထိခိုက်ပျက်စီးခဲ့ရမှုများကို နိုင်ငံတော်အနေဖြင့် အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူများအနေဖြင့်လည်း ထိခိုက်ပျက်စီးခဲ့ရသည့် စေတီတော်ကြီးရင်ပြင်တော်နှင့် သာသနိကအဆောက်အဦများ ပြန်လည်ပြုပြင်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ရာတွင် ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (၁၀၀)

**❖ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရင်ပြင်တော်နေရာများ၊ မြေထိန်းနံရံနေရာများနှင့် သာသနိကအဆောက်အဦအချို့အား ပြန်လည်ပြုပြင်ခြင်းများကို စနစ်တကျဖြင့်အမြန်ဆုံး ဆောင်ရွက်သွားရန်လို၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်၊ စေတီတော်ကြီးရှိ သာသနိကအဆောက်အဦများ ပြန်လည် ပြုပြင်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းများကိုဆောင်ရွက်ရာတွင် စေတနာရှင်အလှူရှင်များ အနေဖြင့် ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ရေးအတွက်လည်း နှိုးဆော်သွားရန်လို . . .**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects National Library (Nay Pyi Taw) and parts of platform of Uppatasanti Pagoda and religious buildings damaged by Mandalay earthquake


Senior General Min Aung Hlaing hears reports on damage caused by the Mandalay Earthquake to Uppatasanti Pagoda presented by officials.


Senior General Min Aung Hlaing inspects damage caused by the Mandalay Earthquake to the floor of Uppatasanti Pagoda.

NAY PYI TAW April 24

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by SAC Joint Secretary General Ye Win Oo, union ministers, the Nay Pyi Taw Council chair and other members of the entourage, inspected the National Library (Nay Pyi Taw), damaged by the Mandalay earthquake, and gave necessary directives this afternoon.

First, the Senior General and party looked around the library building, the room where a collection of the literary works of Alinka Kyawswa Sithu Tekkatho Myat Thu are displayed, electronic library and reading room, Wunzin Minyaza Hall, rooms where bookshelves are placed, palm leave treatise section in the library, interior damage and preservation of books category wise. The Union Minister for Religious Affairs and Culture and officials presented reports on the scope of damage.

In response, the Senior General spoke of the need to protect the books by systematically keeping and recording them category-wise. Repair and renovation work must be continued. In fact, libraries are a valuable place and a kind of university where ardent learners can hunt for knowledge freely. Hence, the library should keep valuable compilations on the genuine facts about the country's political developments throughout history. As posterity should know the authentic facts about political history, officials must protect and keep them throughout the different periods. The Senior General also looked into the other requirements.

The Senior General presented cash awards for the library staff through an official.

In the evening, the Senior General and party inspected damage at the platform of Uppatasanti Pagoda and religious buildings.

During the inspection of cracks that occurred at some places of the platform, structural subsidence, and affected religious buildings the Senior General heard a report on the extent of damage presented by officials. In response, he spoke of the need to systematically repair the damaged parts of the platform, retaining walls and religious buildings at the earliest possible time. Repair work must be completed to the most possible degree before the arrival of monsoon, and well-wishers should be invited to make contributions towards the repair work and all-round renovation task.

The Senior General and party paid homage and offered flowers, water to the Buddha Image inside the pagoda cave. They then fed the white elephants at the place where they are residing.

Groundbreaking ceremony of the pagoda was held in 2006. The foundation was systematically laid with 440 bored piles, each with a one-meter diameter, as per the engineering calculations. Hence, the recent earthquake caused only some slight damages at the pagoda. The powerful earthquake caused cracks, subsidence at some parts of the platform and the repair work is in progress for earliest completion of the work. People can make donations to the repair and all-round renovation of the damaged parts of the platform and religious buildings.

100


Senior General Min Aung Hlaing inspects damage caused by the Mandalay Earthquake to the National Library (Nay Pyi Taw).


Senior General Min Aung Hlaing inspects damage caused by the Mandalay Earthquake to the National Library (Nay Pyi Taw).

# Prosecutor General of the Russian Federation H.E. Mr. Igor Krasnov sends message of condolence to SAC Chairman Prime Minister Senior General Min Aung Hlaing for loss and damage to Myanmar due to severe Mandalay earthquake

Nay Pyi Taw April 24

Due to the severe Mandalay earthquake that struck Myanmar, resulting in extensive damage, numerous casualties, and injuries, Prosecutor General of the Russian Federation H.E. Mr. Igor Krasnov, has sent a message of condolence to Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing.

In the message, he expressed his deep sorrow over the tragic events caused by the earthquake that shook the country of his counterpart. He conveyed his sincere wish that the courageous spirit and unity of the Myanmar people would help them overcome this terrifying disaster. He also expressed his heartfelt sympathy for the relatives and friends of those affected, stating that he shares in their grief and offers his condolences to the families of the victims.

**100**

**Senior General Min Aung Hlaing,**
**Chairman of the State Administration Council,**
**Prime Minister**
**Commander-in-Chief of Defence Services,**
**Republic of the Union of Myanmar,**

Your Excellency,

I express my deep condolences in connection with the tragic consequences of the earthquake in your country.

May the courage and unity of the people of Myanmar help them overcome this ordeal.

I share the grief and pain of the relatives and friends of the victims, please accept my words of sympathy and support to their families.

Yours sincerely,

**Prosecutor General of the Russian Federation**
**Igor Krasnov**

---

## State Administration Council

## Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Modi vows to 'track and punish every terrorist' after deadly attack

NEW DELHI April 24

Indian Prime Minister Narendra Modi issued a strong warning on Thursday to those responsible for the recent terrorist attack in southern Kashmir that killed 26 people and injured dozens. Speaking at a rally in the sate of Bihar, Modi condemned the assault and vowed a firm response, saying justice would be served.

"I say to the whole world, India will identify, trace, and punish every terrorist and their backers. We will pursue them to the ends of the Earth," he stated. "Every effort will be made to ensure that justice is done."

He went on to call for unity in the face of adversity, saying, "The entire nation is firm in this resolve," adding that "India's spirit will never be broken by terrorism."

Modi's remarks came just days after a brutal attack in the India-administered Kashmir region which left 26 people dead – most of them tourists, including a visitor from Nepal –and injured dozens more. The assault occurred on Tuesday afternoon in Baisaran Valley, a scenic destination in Pahalgam known as 'mini Switzerland'.

The Resistance Front, a militant outfit that is believed to be an offshoot of the Pakistan-based Lashkar-e-Taiba, has reportedly claimed responsibility for the attack. In response, New Delhi announced a range of retaliatory actions against Pakistan on Wednesday, including the expulsion of diplomats, closure of the land border, and suspension of the Indus Waters Treaty "until Pakistan credibly and irrevocably abjures its support for cross-border terrorism."

India has long accused Pakistan of enabling militant infiltrations across the Line of Control, the de facto border that divides the disputed region claimed by both nuclear-armed neighbors.

Islamabad has denied involvement in the attack and convened an emergency National Security Committee meeting to assess the situation and determine a response. Nearly 24 hours after the attack, Pakistan expressed its "concerns" over the "loss of lives" in Kashmir. Numerous countries, including Russia and the US, have condemned the attack. **RT**

# Over 100,000 Istanbul residents spend night outside after 6.2-magnitude earthquake



ISTANBUL April 24

More than 100,000 Istanbul residents spent the night outside their homes for fear of aftershocks after a 6.2-magnitude earthquake struck the city on Wednesday, according to Interior Minister Ali Yerlikaya.

Speaking at a press conference in Istanbul on Thursday, Yerlikaya said a total of 101,000 citizens were provided temporary shelter in mosques, schools, and dormitories across the city. He added that meals were distributed through mobile catering units and tents to support those affected.

A total of 266 aftershocks have been recorded in the city as of 9:00 a.m. local time (0600 GMT) on Thursday. According to Environment, Urbanisation and Climate Change Minister Murat Kurum, no residential buildings in the city collapsed, except for one abandoned building in the Fatih district.

Health Minister Kemal Memisoglu reported that 60 people are currently receiving treatment in hospitals for injuries sustained in panic or from jumping from buildings during the quake. He had earlier stated that a total of 236 individuals had been injured, and no fatalities had been reported.

The earthquake's epicenter was located in the Marmara Sea, just off the coast of Istanbul. **Xinhua**

# Three dead, 10 injured in multiple-car crash in Philippine capital



MANILA April 24

A multi-vehicle crash in the Philippine capital has killed three people and wounded 10 others, authorities said Thursday.

The police said the crash occurred late Wednesday night in Marikina City after a trailer truck went sideways while ascending the road, pinning a passenger jeepney and causing more collisions.

The wreck involved a trailer truck, two passenger jeepneys, two cars, and a sport utility vehicle.

The Marikina City Disaster risk reduction and management office confirmed that the driver of the pinned jeepney died along with two others.

The police detained the truck driver as they probed the crash. **Xinhua**

# Zelensky Faces Choice Between Peace or Fighting for 'Three More Years' in Ukraine - Trump

WASHINGTON April 24

Ukraine is facing a dire situation, and its Volodymyr Zelensky can get a peace deal or fight for "another three years" before losing the "whole country," US President Donald Trump said on Wednesday.

"The situation for Ukraine is dire — He can have Peace or, he can fight for another three years before losing the whole Country," Trump said on Truth Social.

Zelensky's words about refusing to recognize Crimea as part of Russia will only extend the conflict, even though a resolution to end it was "very close," Trump said.

"The statement made by Zelensky today will do nothing but prolong the 'killing field,' and nobody wants that! We are very close to a Deal, but the man with 'no cards to play' should now, finally, GET IT DONE," Trump wrote in a Truth Social post.

Trump also noted that no one is asking Zelensky to recognize Crimea as Russian territory and questioned why Kiev had not taken action to reclaim it over the past 11 years.

Trump was commenting on Zelensky's recent statement during a press conference, where the Ukrainian leader asserted that Ukraine will not legally recognize Crimea as part of Russia, emphasizing that "there's nothing to discuss here."

Statements made by Ukrainian President Volodymyr Zelensky make the peaceful settlement of the Ukraine conflict "so difficult," Trump said.

"It is inflammatory statements like Zelensky's that make it so difficult to settle this War. He has nothing to boast about," Trump said on Truth Social. **Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The Science of Earthquakes

**What is an earthquake?**


An earthquake is what happens when two blocks of the earth suddenly slip past one another. The surface where they slip is called the fault or fault plane. The location below the earth’s surface where the earthquake starts is called the hypocenter, and the location directly above it on the surface of the earth is called the epicenter.


Sometimes an earthquake has foreshocks. These are smaller earthquakes that happen in the same place as the larger earthquake that follows. Scientists can’t tell that an earthquake is a foreshock until the larger earthquake happens. The largest, main earthquake is called the mainshock. Mainshocks always have aftershocks that follow. These are smaller earthquakes that occur afterwards in the same place as the mainshock. Depending on the size of the mainshock, aftershocks can continue for weeks, months, and even years after the mainshock!

**What causes earthquakes and where do they happen?**

The earth has four major layers: the inner core, outer core, mantle and crust. The crust and the top of the mantle make up a thin skin on the surface of our planet.

But this skin is not all in one piece – it is made up of many pieces like a puzzle covering the surface of the earth. Not only that, but these puzzle pieces keep slowly moving around, sliding past one another and bumping into each other. We call these puzzle pieces tectonic plates, and the edges of the plates are called the plate boundaries. The plate boundaries are made up of many faults, and most of the earthquakes around the world occur on these faults. Since the edges of the plates are rough, they get stuck while the rest of the plate keeps moving. Finally, when the plate has moved far enough, the edges unstick on one of the faults and there is an earthquake.




**Why does the earth shake when there is an earthquake?**


While the edges of faults are stuck together, and the rest of the block is moving, the energy that would normally cause the blocks to slide past one another is being stored up. When the force of the moving blocks finally overcomes the friction of the jagged edges of the fault and it unsticks, all that stored up energy is released. The energy radiates outward from the fault in all directions in the form of seismic waves like ripples on a pond. The seismic waves shake the earth as they move through it, and when the waves reach the earth’s surface, they shake the ground and anything on it, like our houses and us!

**How are earthquakes recorded?**

Earthquakes are recorded by instruments called seismographs. The recording they make is called a seismogram. The seismograph has a base that sets firmly in the ground, and a heavy weight that hangs free. When an earthquake causes the ground to shake, the base of the seismograph shakes too, but the hanging weight does not. Instead the spring or string that it is hanging from absorbs all the movement. The difference in position between the shaking part of the seismograph and the motionless part is what is recorded.

**How do scientists measure the size of earthquakes?**

The size of an earthquake depends on the size of the fault and the amount of slip on the fault, but that’s not something scientists can simply measure with a measuring tape since faults are many kilometers deep beneath the earth’s surface. So how do they measure an earthquake? They use the seismogram recordings made on the seismographs at the surface of the earth to determine how large the earthquake was (figure 5). A short wiggly line that doesn’t wiggle very much means a small earthquake, and a long wiggly line that wiggles a lot means a large earthquake. The length of the wiggle depends on the size of the fault, and the size of the wiggle depends on the amount of slip.




The size of the earthquake is called its magnitude. There is one magnitude for each earthquake. Scientists also talk about theintensity of shaking from an earthquake, and this varies depending on where you are during the earthquake.

**How can scientists tell where the earthquake happened?**

Seismograms come in handy for locating earthquakes too, and being able to see the P wave and the S wave is important. You learned how P & S waves each shake the ground in different ways as they travel through it. P waves are also faster than S waves, and this fact is what allows us to tell where an earthquake was. To understand how this works, let’s compare P and S waves to lightning and thunder. Light travels faster than sound, so during a thunderstorm you will first see the lightning and then you will hear the thunder. If you are close to the lightning, the thunder will boom right after the lightning, but if you are far away from the lightning, you can count several seconds before you hear the thunder. The further you are from the storm, the longer it will take between the lightning and the thunder. P waves are like the lightning, and S waves are like the thunder. The P waves travel faster and shake the ground where you are first. Then the S waves follow and shake the ground also. If you are close to the earthquake, the P and S wave will come one right after the other, but if you are far away, there will be more time between the two.

By looking at the amount of time between the P and S wave on a seismogram recorded on a seismograph, scientists can tell how far away the earthquake was from that location. However, they can’t tell in what direction from the seismograph the earthquake was, only how far away it was. If they draw a circle on a map around the station where the radius of the circle is the determined distance to the earthquake, they know the earthquake lies somewhere on the circle. But where?

Scientists then use a method called triangulation to determine exactly where the earthquake was (see image below). It is called triangulation because a triangle has three sides, and it takes three seismographs to locate an earthquake. If you draw a circle on a map around three different seismographs where the radius of each is the distance from that station to the earthquake, the intersection of those three circles is the epicenter!

**USGS**

# အိန္ဒိယနဲ့ပါကစ္စတန်တို့ကြား တကယ်ပဲညှိနှိုင်းလို့မရနိုင်တော့ဘူးလား

ပါ ဟယ်ဂမ်ဒေသဆိုတာ သိပ်ကိုအေးချမ်းတဲ့ တောင်ပေါ်မြို့လေးတစ်မြို့ပါ။ သူ့ရဲ့တည်နေရာက အိန္ဒိယနိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံတို့ကြား ကက်ရှမီးယားဒေသမှာဖြစ်ပါတယ်။ သူတို့နှစ်နိုင်ငံကြား စစ်ပွဲတွေဖြစ်ပြီးတဲ့နောက်ပိုင်း ပါဟယ်ဂမ်မြို့က ငြိမ်းချမ်းတဲ့နေရာတစ်ခု၊ အပန်းဖြေလို့ကောင်းတဲ့နေရာတစ်ခု၊ ခရီးသွားတွေကိုဆွဲဆောင်ပေးနိုင်တဲ့နေရာတစ်ခု၊ ပြောရရင်သိပ်ကိုသာယာနာပျော်ဖွယ်ကောင်းလွန်းတဲ့ နေရာလေးတစ်ခုပေါ့။

ဒါပေမဲ့ ဧပြီလ ၂၂ ရက်မှာတော့ အဲဒီလိုသာယာလွန်းလှတဲ့ တောင်ပေါ်မြို့လေးတစ်မြို့ဟာ အကြမ်းဖက်သမားများကြောင့် ငရဲခန်းတစ်ခုသဖွယ်ချောက်ချားခဲ့ရပါတော့တယ်။ တကယ်တော့ အကြမ်းဖက်သမားဆိုတာ အကြမ်းဖက်သမားစိတ်ပဲရှိတာပါ။ ဘယ်သူ့မျက်နှာကိုမှမထောက်ဘဲ လူသတ်နေရရင်၊ သူတို့စိတ်ပျော်ရွှင်အောင် အဖျက်အမှောင့်လုပ်ငန်းတွေလုပ်နေရရုံနဲ့ ကျေနပ်နေတဲ့လူတန်းစားတစ်ရပ်ဖြစ်ပါတယ်။ အခုလည်း အကြမ်းဖက်သမားများရဲ့ တိုက်ခိုက်မှုကြောင့် ပါဟယ်ဂမ်မြို့လေးကိုအလည်လာတဲ့ ခရီးသွား ၂၆ ယောက်ဟာ အသက်ဆုံးရှုံးခဲ့ရပါတယ်။ သူတို့ထဲကမှ ၂၅ ယောက်က အိန္ဒိယနိုင်ငံသားတွေဖြစ်ပြီး ကျန်တစ်ဦးကတော့ နီပေါနိုင်ငံသားပါ။

အဲဒီအကြမ်းဖက်တိုက်ခိုက်မှုကို ပါကစ္စတန်နိုင်ငံထဲမှာအခြေချနေတဲ့ The Resistance Front အမည်ရှိ အကြမ်းဖက်အဖွဲ့ငယ်လေးက သူတို့လုပ်တာပါဆိုပြီး အတိအလင်းထုတ်ပြန်ထားပါတယ်။ ဒါကြောင့် အခုတိုက်ခိုက်မှုမှာ ပါကစ္စတန်အစိုးရရဲ့ထောက်ပံ့မှုပါနေတယ်ဆိုပြီး အိန္ဒိယအစိုးရကပြောထားပါတယ်။ တစ်ချိန်တည်းမှာပဲ အိန္ဒိယထောက်လှမ်းရေးအေဂျင်စီတွေကလည်း ပါကစ္စတန်ထောက်လှမ်းရေးဌာနဖြစ်တဲ့ ISI က ဒီအကြမ်းဖက်တိုက်ခိုက်မှုမှာ လက်သည်အနေနဲ့ပါဝင်နေတယ်ဆိုတဲ့ သတင်းအချက်အလက်တွေကို အခိုင်အမာရရှိထားတယ်လို့ ဆိုထားပြန်ပါတယ်။ အဲဒီအချက်အလက်တွေထဲမှာ တိုက်ခိုက်မှုလုပ်သူတွေဟာ မူဇာဖာရာဘတ်နဲ့ ကရာချိမြို့တို့မှာရှိတဲ့ ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့ရဲ့ လျှို့ဝှက်နေအိမ်တွေဆီသွားခဲ့တာကိုတွေ့ရှိထားမှုလည်းပါဝင်ပါတယ်။ ဒါကြောင့် ဒီကိစ္စမှာပါကစ္စတန်ဘက်က ပါဝင်ကူညီမှုတွေ မလွဲမသွေရှိနေတယ်လို့ အိန္ဒိယဘက်က အတိအလင်းပြောထားတာဖြစ်ပါတယ်။ ပါကစ္စတန်ကတော့ သူတို့အနေနဲ့ဒီကိစ္စမှာပါဝင်မှုမရှိဘူးလို့ တုံ့ပြန်ထားပါတယ်။

အဲဒီအကြမ်းဖက်တိုက်ခိုက်မှုလုပ်ခဲ့သူတွေထဲက သုံးဦးဟာ ပါကစ္စတန်နိုင်ငံအခြေစိုက် လက်ရှကာ–အီး–တိုင်ဘာ (LeT) လို့အမည်ရတဲ့ အကြမ်းဖက်အဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တွေဖြစ်တယ်လို့ အိန္ဒိယရဲတပ်ဖွဲ့က ထုတ်ပြန်ထားပါတယ်။ LeT အဖွဲ့ဆိုတာ ကုလသမဂ္ဂအဖွဲ့ကိုယ်တိုင်က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားတဲ့အဖွဲ့ဖြစ်ပါတယ်။ ပြောရရင် ကမ္ဘာသိအကြမ်းဖက်အဖွဲ့အစည်းတစ်ခုပါ။ ဒါကြောင့် အိန္ဒိယရဲတပ်ဖွဲ့က အဲဒီအကြမ်းဖက်သမားသုံးဦးကို ဖမ်းဆီးနိုင်ဖို့အတွက် သတင်းပေးနိုင်သူကို ဆုတော်ငွေအဖြစ် ရူပီးနှစ်သန်းစီပေးမယ်လို့ ထုတ်ပြန်ထားပါတယ်။

ဒီဖြစ်စဉ်ကနေအသက်ရှင်သန်လွတ်မြောက်လာသူတွေရဲ့ ပြန်ပြောချက်အရသိရတာကအကြမ်းဖက်သမားများဟာ ဘာသာရေးကိုအခြေခံတဲ့အကြမ်းဖက်တိုက်ခိုက်မှုလုပ်ခဲ့တာကိုတွေ့ရပါတယ်။ ပထမဦးစွာ စစ်ယူနီဖောင်းတွေဝတ်ဆင်ထားတဲ့ အကြမ်းဖက်သမားများက ခရီးသွားတွေသာယာစွာရှုခင်းကြည့်နေတဲ့ မြက်ခင်းပြင်ရှိရာနေရာကိုဝင်လာပြီး တစ်ဦးချင်းစီရဲ့နာမည်တွေကိုမေးပါတယ်။ ပြီးရင် အစ္စလာမ်မစ်အဆိုအမိန့်တွေကို ရွတ်ခိုင်းပါတယ်။ မရွတ်နိုင်တဲ့သူတွေကိုတော့ သေနတ်နဲ့တော့ပစ်သွားကြတာဖြစ်တယ်လို့ဆိုပါတယ်။

အခုကိစ္စတွေဖြစ်ပြီးတဲ့နောက်မှာ အိန္ဒိယအစိုးရက ပါကစ္စတန်နိုင်ငံနဲ့ဆက်ဆံရေးအဆင့်ကို လျှော့ချလိုက်ပါတယ်။ သံတမန်ဝန်ထမ်းအရေအတွက်ကိုလည်း ၅၅ ယောက်ကနေအယောက် ၃၀ အထိလျှော့ချလိုက်ပါတယ်။ နှစ်နိုင်ငံကြားအဓိကကျတဲ့ နယ်စပ်ဂိတ်ကိုလည်းပိတ်လိုက်ပါတယ်။ နှစ်နိုင်ငံကြားမှာ အရေးပါလှတဲ့ ရေမျှဝေရေးသဘောတူစာချုပ်အပေါ် လိုက်နာမှုကိုလည်း ပထမဆုံးအကြိမ်အနေနဲ့ရပ်ဆိုင်းလိုက်ပါတယ်။ ဒါ့အပြင် တခြားသောလုပ်ဆောင်ချက်တွေကိုလည်း ဆောင်ရွက်လိုက်ပါသေးတယ်။ ဒီအချိန်မှာပဲ ပါကစ္စတန်ဘက်ကလည်း နှစ်နိုင်ငံကြားကုန်သွယ်မှုကိုရပ်ဆိုင်းလိုက်ခြင်းအပါအဝင် လက်တုံ့ပြန်မှုများစွာကိုလုပ်ဆောင်ပါတယ်။ အိန္ဒိယက နိုင်ငံအတွင်းမှာရှိတဲ့ ပါကစ္စတန်နိုင်ငံသားတွေအားလုံးကို ဧပြီလ ၂၇ ရက်မတိုင်မီထွက်သွားခိုင်းပြီး ဗီဇာတွေအားလုံးကိုပယ်ချလိုက်သလို ပါကစ္စတန်ကလည်း အိန္ဒိယနိုင်ငံသားတွေရဲ့ဗီဇာတွေကို ခွင့်မပြုတော့ပါဘူး။

ဧပြီလ ၂၄ ရက်မှာတော့ အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီက နိုင်ငံအရှေ့မြောက်ပိုင်း ဘီဟာပြည်နယ်မှာမိန့်ခွန်းပြောစဉ် "အိန္ဒိယအစိုးရအနေနဲ့ အကြမ်းဖက်သမားတွေကို ကမ္ဘာမြေအဆုံးအထိ လိုက်လံရှာဖွေချေမှုန်းသွားမယ်" လို့ကတိပြုကြောင်းပြောခဲ့ပါတယ်။ ပုံမှန်အားဖြင့်ဆိုရင် အိန္ဒိယဝန်ကြီးချုပ်ဟာ မိန့်ခွန်းပြောတဲ့အခါ ဟင်ဒီဘာသာစကားနဲ့သာပြောလေ့ရှိပေမယ့် အခုတစ်ခေါက်မှာတော့ အင်္ဂလိပ်ဘာသာစကားနဲ့ပါပြောလာတာဖြစ်ပါတယ်။ သူက ဘာတွေပြောသွားလဲဆိုတော့–

"ကျွန်တော့်အနေနဲ့ ဘီဟာမြေပေါ်မှနေ၍ တစ်ကမ္ဘာလုံးကို ပြောချင်ပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ အကြမ်းဖက်သမားမှန်သမျှကိုသာမက သူတို့အပေါ် ထောက်ပံ့ပေးနေသူတွေကိုပါ လိုက်လံရှာဖွေပြီးအပြစ်ပေးသွားမှာပါ။ အိန္ဒိယနိုင်ငံရဲ့စိတ်ဓာတ်ဟာ အကြမ်းဖက်ဝါဒကြောင့်ပြိုကွဲသွားမှာမဟုတ်ပါဘူး။ အကြမ်းဖက်ဝါဒကိုလည်း ဒီအတိုင်းလွှတ်ပေးထားမှာမဟုတ်ပါဘူး။ တရားမျှတမှုရရှိရေးအတွက် လုပ်ဆောင်နိုင်တာမှန်သမျှအားလုံးလုပ်ဆောင်သွားမှာပါ။ တစ်နိုင်ငံလုံးကလည်း ခိုင်ခိုင်မာမာရပ်တည်သွားမှာဖြစ်ပါတယ်။"

ဧပြီလ ၂၄ ရက်မှာပဲ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် ရှီဘားရှာရစ်က တပ်မတော်ထိပ်တန်းအရာရှိကြီးတွေပါဝင်တဲ့ အမျိုးသားလုံခြုံရေးကော်မတီ အစည်းအဝေးကိုကျင်းပပါတယ်။ အဲဒီအစည်းအဝေးပြီးနောက် ဝန်ကြီးချုပ်က ပါကစ္စတန်နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ ပြည်သူလူထုရဲ့လုံခြုံရေးကိုထိခိုက်စေမယ့် ဘယ်လိုခြိမ်းခြောက်မှုမျိုးကိုမဆို ပြင်းထန်တဲ့လက်တုံ့ပြန်မှုနဲ့ရင်ဆိုင်ရလိမ့်မယ်လို့ ပြောထားပါတယ်။

အဲဒီလိုပြောပြီးလို့မကြာခင်မှာပဲ ပါကစ္စတန်တပ်မတော်အနေနဲ့ ဧပြီလ ၂၄ ရက်နဲ့ ၂၅ ရက်မှာ သူတို့ရဲ့ အထူးစီးပွားရေးဇုန်အတွင်းရှိကမ်းရိုးတန်းဒေသမှာ မြေပြင်မှမြေပြင်ပစ်ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုတွေလုပ်ဖို့သတိပေးချက်ထုတ်ထားတယ်လို့ဆိုပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း အိန္ဒိယဘက်မှ သက်ဆိုင်ရာအဖွဲ့အစည်းများက ပါကစ္စတန်ရဲ့လှုပ်ရှားမှုကို အနီးကပ်စောင့်ကြည့်နေတယ်လို့ သတင်းအရင်းအမြစ်များကပြောထားတာတွေ့ရပါတယ်။ ဒါ့အပြင် အိန္ဒိယလေကြောင်းလိုင်းတွေအတွက် ပါကစ္စတန်ရဲ့ ဝေဟင်ကိုပိတ်လိုက်ပြီလို့လည်း ကြေညာထားပါသေးတယ်။

အိန္ဒိယနိုင်ငံပိုင် ကက်ရှမီးယားဒေသမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ မကြာခဏဆိုသလိုဖြစ်လေ့ရှိပါတယ်။ အဲဒီလိုတိုက်ခိုက်မှုတွေဖြစ်တိုင်းလည်း အကြမ်းဖက်သမားတွေက ပါကစ္စတန်နိုင်ငံထဲအခြေစိုက်ကြသူတွေများပါတယ်။ ပါကစ္စတန်ဘက်က သူတို့အနေနဲ့ အကြမ်းဖက်သမားတွေကိုလက်ခံထားတာမရှိဘူးလို့ ဘယ်လိုပင်ပြောပြော အိန္ဒိယကတော့ ပါကစ္စတန်ပိုင်နက်ထဲအထိဝင်ပြီး အကြမ်းဖက်သမားတွေရဲ့စခန်းကို ဖုံးကြဲခဲ့တဲ့ဖြစ်စဉ်တွေရှိပါတယ်။

အိန္ဒိယနိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံဆိုတာ ဘာသာရေးကိုအခြေခံတဲ့ပဋိပက္ခတွေနဲ့အတူ နယ်မြေလုစစ်ပွဲတွေလည်းဖြစ်ပွားခဲ့ဖူးပါတယ်။ ဖြစ်ပွားခဲ့ဖူးတဲ့စစ်ပွဲတွေတိုင်းမှာလည်း နှစ်ဖက်စလုံးကထိခိုက်ဆုံးရှုံးမှုများနဲ့သာရင်ဆိုင်ခဲ့ကြရတာပါ။ ဒီမတိုင်ခင်ကာလမှာလည်း နှစ်နိုင်ငံစလုံးက အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့အတွက် ကင်းလို့မရနိုင်တဲ့အခြေအနေကြောင့် ကောင်းဟန်ဆောင်ကာ ဆက်ဆံခဲ့ရတဲ့အနေအထားဖြစ်ပါတယ်။ အခုတကယ်တမ်းဖြစ်လာပြီလည်းဆိုရော တစ်ယောက်နဲ့တစ်ယောက်လက်တုံ့ပြန်မှုတွေနဲ့သာ စတင်ခဲ့တာပါ။

ဒီဖြစ်စဉ်ကြောင့် နောက်ထပ်ဘာဆက်ဖြစ်လာနိုင်လဲဆိုရင် သူတို့နှစ်နိုင်ငံရဲ့ရှေ့ဆက်လှုပ်ရှားမှုအပေါ်မှာသာမူတည်နေပါတယ်။ လေ့လာသူတချို့ကတော့ အိန္ဒိယနဲ့ပါကစ္စတန်နိုင်ငံတို့ကြား စစ်ရေးတင်းမာမှုဖြစ်တဲ့အဆင့်အထိရောက်လာနိုင်တယ်လို့ ခန့်မှန်းထားတာတွေ့ရပါတယ်။ ဥပမာအနေနဲ့ ၂၀၁၉ ခုနှစ်ဘလာကော့အရေးအခင်းမှာဆိုရင် အိန္ဒိယနိုင်ငံက ပါကစ္စတန်နိုင်ငံထဲဝင်ပြီး အကြမ်းဖက်သမားတွေကို လေကြောင်းတိုက်ခိုက်မှုလုပ်ခြင်းနဲ့လက်တုံ့ပြန်ခဲ့ပါတယ်။ စစ်ရေးအရကြည့်မယ်ဆိုရင် ၂၀၁၉ ခုနှစ်နောက်ပိုင်းမှာ အိန္ဒိယတပ်မတော်ကအင်အားပိုမိုတောင့်တင်းလာကာ ပါကစ္စတန်ကတော့ ပြည်တွင်းရေးအကျပ်အတည်းကြောင့် အရင်ကထက်အင်အားတောင့်တင်းလာတာမျိုးမရှိပါဘူး။ ဒါပေမဲ့လည်း အိန္ဒိယနိုင်ငံဘက်က ပါကစ္စတန်နိုင်ငံထဲဝင်ပြီး အကြမ်းဖက်သမားတွေအပေါ် လက်တုံ့ပြန်တိုက်ခိုက်မှုတွေလုပ်တယ်ဆိုရင် ပါကစ္စတန်ဘက်ကလည်း ငြိမ်ခံနေမယ့်အခြေအနေတော့မရှိပါဘူး။

ဒီတစ်ကြိမ်အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်မှာ ထူးခြားတာတစ်ခုက အိန္ဒိယဝန်ကြီးချုပ်ကိုယ်တိုင်ကိုက အကြမ်းဖက်သမားတွေကို ကမ္ဘာမြေအဆုံးအထိလိုက်ရှာပြီးချေမှုန်းသွားမယ်လို့ဆိုထားတာပါ။ အရင်ဖြစ်စဉ်တွေတုန်းက အခုလိုမျိုးကတိပြုမှုကို မတွေ့ခဲ့ဖူးပါဘူး။ ဒါကြောင့် ဒီတစ်ခေါက်အကြမ်းဖက်သမားတွေရဲ့တိုက်ခိုက်မှုဖြစ်စဉ်ဟာ အိန္ဒိယနဲ့ပါကစ္စတန်တို့ကြား ဘယ်လိုမှညှိနှိုင်းလို့မရနိုင်တဲ့အခြေအနေဆီကိုရောက်စေမှာလား။ ဒါမှမဟုတ် ကြားဝင်စေ့စပ်ပေးသူတွေကြောင့် ပြန်ပြီးပြေလည်သွားမှာလားဆိုရင် ကျွန်တော်ကတော့ သူတို့နှစ်နိုင်ငံကြားတင်းမာမှုပြေလျော့စေဖို့က အချိန်တော်တော်ကြာဦးမယ်လို့ မှတ်ချက်ပြုရပါလိမ့်မယ်။ ။

Ref: AGC

ထက်မြတ်



# ဂျပန်ကအဆင့်မြှင့်တင်ထားသည့် လျှပ်စစ်သံလိုက်လှိုင်းသုံး Rail Gun ကို ထုတ်ဖော်ပြသ

**တိုကျို၊ စစ်ရေး**

ဂျပန်နိုင်ငံက အသံနှုန်းလွန်ဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်ရေးအတွက် ရည်ရွယ်၍ အဆင့်မြှင့်တင်ထားသည့် လျှပ်စစ်သံလိုက်လှိုင်းသုံး Rail Gun ကို ထုတ်ဖော်ပြသလိုက်ကြောင်း သိရသည်။


ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက စစ်ရေယာဉ်တစ်စင်းပေါ် တင်ဆောင်ထားသည့် Rail Gun ၏ဓာတ်ပုံကိုထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ ထို့နောက် လေ့လာသူများက ဂျပန်နိုင်ငံသည် လေကြောင်းရန်ကာကွယ်ရေးအတွက် အဆင့်မြင့်လက်နက်စနစ်ကိုအသုံးပြုနိုင်သောရေတပ်များအနက်တစ်ခုဖြစ်လာပြီဖြစ်ကြောင်း ပြောထားသည်။

ယခုထုတ်ဖော်ပြသသော Rail Gun သည် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် စမ်းသပ်ပစ်ခတ်မှုလုပ်ဆောင်စဉ် မြင်တွေ့ခဲ့ရသော ရှေ့ပြေးပုံစံထက်များစွာသော ပြုပြင်ပြောင်းလဲအဆင့်မြှင့်တင်မှုများလုပ်ထားသည်ကိုတွေ့ရကြောင်းလေ့လာသူများကဆက်ပြောသည်။

သမားရိုးကျအမြောက်စနစ်များနှင့်နှိုင်းယှဉ်ပါက Rail Gun အတွက်အသုံးပြုသည့်ကျည်များသည် သေးငယ်ပြီးအသံနှုန်းလွန်ဒုံးကျည်များနှင့်အပြိုင်လိုက်ပါနိုင်သော အမြန်နှုန်းရှိကာ ဒုံးကျည်များထက် ကုန်ကျစရိတ်နည်းပါး၍ လျှပ်စစ်သံလိုက်စက်ကွင်းများကို အသုံးပြုပစ်ခတ်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံက ယခုကဲ့သို့အဆင့်မြင့်မားသည့် Rail Gun ကိုတီထွင်ဖန်တီးအသုံးပြုလာမည်ဆိုပါက ဂျပန်နိုင်ငံသည်တိုက်စစ်မဟာဗျူဟာလမ်းကြောင်းနောက်သို့လိုက်နေသည်ဟု ဆိုနိုင်သောကြောင့် အခြားနိုင်ငံများအတွက် အန္တရာယ်ရှိနိုင်ကြောင်း လေ့လာသူတစ်ဦးကပြောသည်။

Ref: SCMP



# တရုတ်က Shenzhou-20 အာကာသယာဉ်ကိုလွှတ်တင်


**ပေကျင်း၊ ပြည်တွင်းရေး**

တရုတ်နိုင်ငံက ၎င်းတို့၏ကိုယ်ပိုင်အာကာသစခန်းဖြစ်သည့် ထျန်းကုန်း၌ သိပ္ပံစမ်းသပ်ချက်များစွာကိုလုပ်ဆောင်မည့် Shenzhou-20 အာကာသယာဉ်ကို ဧပြီလ ၂၄ ရက်တွင် အောင်မြင်စွာလွှတ်တင်လိုက်ကြောင်းသိရသည်။

အဆိုပါအာကာသယာဉ်တွင် အာကာသယာဉ်မှူးသုံးဦးလိုက်ပါသွားပြီး ၎င်းတို့အနေဖြင့် အာကာသအတွင်းနေထိုင်မည့်သူများ ဒဏ်ရာရရှိပါက လွယ်လင့်တကူကုသမှုပေးနိုင်မည့် သိပ္ပံစမ်းသပ်ချက်များ၊ ထျန်းကုန်းအာကာသစခန်းကို အာကာသအတွင်းလွင့်မျောနေသည့်အမှိုက်သရိုက်များ၏ ထိခိုက်မှုအန္တရာယ်များမှကာကွယ်ပေးနိုင်မည့်စနစ်များကို တပ်ဆင်စမ်းသပ်မှုများလုပ်ဆောင်သွားမည်ဖြစ်သည်။

Shenzhou-20 အာကာသယာဉ်ကို Long March 2F ဒုံးပျံပေါ်တွင်တင်ဆောင်၍ တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ကျူကွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၇ မိနစ်တွင်လွှတ်တင်လိုက်ခြင်းဖြစ်သည်။ ၅ နာရီ ၃၆ မိနစ်တွင်မူ အာကာသယာဉ်သည် ပတ်လမ်းအတွင်းသို့အောင်မြင်စွာဝင်ရောက်သွားကြောင်းသိရသည်။

Ref: SCMP



# မလေးရှားနိုင်ငံ၌ ကလေးငယ်သုံးဦးလျှင် တစ်ဦးကအဝလွန်နေ

**ကွာလာလမ်ပူ၊ ကျန်းမာရေး**

မလေးရှားနိုင်ငံ၌ ကလေးငယ်သုံးဦးလျှင် တစ်ဦးကအဝလွန်နေကြောင်းနှင့် ထိုသို့ဖြစ်ရခြင်းမှာ နိုင်ငံအတွင်း သကြားအလွန်အကျွံစားသုံးမှု ပိုမိုများပြားလာခြင်းကြောင့်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

မလေးရှားနိုင်ငံသည်အာရှဒေသအတွင်း အဝလွန်သူအများအပြားရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အရွယ်ရောက်ပြီးသူများအနက်ထက်ဝက်ခန့်မှာ အဝလွန်နေကြောင်း၊ လူငါးဦးလျှင်တစ်ဦးမှာ ဆီးချိုရောဂါဝေဒနာကိုခံစားနေရကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုင်ငံအတွင်းရှိ ဆယ်ကျော်သက် ၆၃ ဒသမ ၁ ရာခိုင်နှုန်းနှင့် လူကြီး ၄၀ ရာခိုင်နှုန်းမှာ မျှော်မှန်းထားသည်ထက် သကြားကိုပိုမိုစားသုံးနေကြောင်း၊ အဆိုပါသကြားများအနက် ထက်ဝက်ခန့်မှာအချိုရည်များမှရရှိခြင်းဖြစ်ကြောင်း လေ့လာမှုတွင်တွေ့ရှိရသည်ဟု ကျန်းမာရေးဝန်ကြီးကပြောသည်။ အလားတူ လူငယ်များသည် ကိုယ်လက်လှုပ်ရှားမှုနည်းပါးပြီး ငါးဦးလျှင် နှစ်ဦးကသာ တက်ကြွစွာနေထိုင်မှုရှိကြောင်း သိရသည်။

Ref: SCMP

## သတင်းတိုကဏ္ဍ

### ထိုင်ဝမ်ရေလက်ကြားအတွင်းဖြတ်သန်းသွားသည့် အမေရိကန်စစ်သင်္ဘောကို တရုတ်စောင့်ကြည့်ခဲ့ဟုဆို

တရုတ်တပ်မတော်သည် ထိုင်ဝမ်ရေလက်ကြားအတွင်း ဖြတ်သန်းသွားသည့် အမေရိကန်စစ်သင်္ဘောကို စောင့်ကြည့်မှုများလုပ်ဆောင်ခဲ့ကြောင်း ဧပြီလ ၂၄ ရက်တွင်ထုတ်ပြန်ထားသည်။

ထိုင်ဝမ်ရေလက်ကြားသို့ အမေရိကန်၏ ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောတစ်စင်းက ဖြတ်သန်းသွားခြင်းဖြစ်ပြီး ထိုသို့ဖြတ်သန်းစဉ် တရုတ်တပ်မတော်က ရေတပ်နှင့်လေတပ်တို့ကို စေလွှတ်၍ စောင့်ကြည့်သတိပေးမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ဖြတ်သန်းသွားလာသည့် စစ်ရေယာဉ်သည် ဖျက်သင်္ဘော USS William P Lawrence ဖြစ်ပြီး လူထု၏စိတ်ဝင်စားမှုကိုရရှိလိုသည့်သဘောဖြင့် ဧပြီလ ၂၃ ရက်တွင် ထိုင်ဝမ်ရေလက်ကြားမှဖြတ်သန်းသွားခြင်းဖြစ်ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏အရှေ့ပိုင်းစစ်ဒေသကထုတ်ပြန်ထားသည်။

အမေရိကန်ရေတပ်စစ်သင်္ဘောများသည် ထိုင်ဝမ်ရေလက်ကြားကို တစ်လလျှင်တစ်ကြိမ်ဆိုသလို ဖြတ်သန်းသွားလေ့ရှိကြောင်းသိရသည်။ Ref: RTA

### နယူးဇီလန်နိုင်ငံ အော်ကလန်မြို့၌ မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွား

နယူးဇီလန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော အော်ကလန်မြို့၌ ဧပြီလ ၂၄ ရက် ညနေပိုင်းတွင် မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းမှုသည် နေ့ရှိုးအရပ်ရှိ စွန့်ပစ်ပစ္စည်းပြန်လည်အသုံးပြုရေးစက်ရုံ၌ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၂၄ မိနစ်တွင်ဖြစ်ပွားခြင်းဖြစ်သည်ဟု မီးသတ်နှင့်အရေးပေါ်ဌာနကထုတ်ပြန်ထားသည်။

မီးလောင်ကျွမ်းမှုသည် စက်ရုံအတွင်းရှိဘက်ထရီအိုးများကို အဓိကလောင်ကျွမ်းခြင်းဖြစ်သောကြောင့် မီးခိုးလုံးကြီးများကို မြို့တစ်ဝန်းမှ မြင်တွေ့ရကြောင်းနှင့် မီးလောင်မှုကိုအဆင့် ၅ သတ်မှတ်ထားပြီး မြို့တစ်ဝန်းမှမီးသတ်သမားများက မီးကိုကြိုးစားငြိမ်းသတ်နေကြောင်း မီးသတ်ဌာနကပြောသည်။

လက်ရှိတွင် မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်ကိုမသိရသေးသော်လည်း ပြည်သူများသတိထားကြရန် ထုတ်ပြန်ထားသည်။ Ref: Xinhua

### ယူကရိန်းတွင် NATO တပ်ဖွဲ့များရှိလာပါက တတိယကမ္ဘာစစ်ဖြစ်လာစေနိုင်

ယူကရိန်းနိုင်ငံအတွင်း NATO တပ်ဖွဲ့များဝင်ရောက်နေရာယူလာပါက ရုရှားနှင့် NATO တပ်ဖွဲ့တို့ကြား စစ်ဖြစ်ပွားနိုင်ပြီး နောက်ဆုံးတွင် တတိယကမ္ဘာစစ်ကိုပင်ဖြစ်ပွားစေနိုင်ကြောင်း ရုရှားအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂျီရှွိုင်ဂူကပြောသည်။

ထို့ပြင် ငြိမ်းချမ်းရေးထိန်းသိမ်းသူများဟုခေါင်းစဉ်တပ်ပြီး NATO တပ်ဖွဲ့များကိုနေရာချထားခြင်းသည် ယူကရိန်းအပေါ် ထိန်းချုပ်မှုအတွက်ရည်ရွယ်ချက်အမှန်ကိုဖုံးကွယ်ထားခြင်းပင်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ဗြိတိန်နှင့်ပြင်သစ်တို့ဦးဆောင်သော NATO တပ်ဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများတွေ့ဆုံစဉ် ယူကရိန်း၌ ငြိမ်းချမ်းရေးထိန်းသိမ်းသူများကို နေရာယူဖြန့်ကြက်သွားရန်ဆွေးနွေးပြီးနောက် ရုရှား၏တုံ့ပြန်ပြောဆိုချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုငြိမ်းချမ်းရေးထိန်းသိမ်းသူများသည် ရုရှားနှင့်ယူကရိန်းတို့ကြား အခွန့်ရှည်သောငြိမ်းချမ်းရေးဆောင်ကြဉ်းပေးနိုင်မည်ဟု ကာကွယ်ရေးဝန်ကြီးများကပြောထားသည်။ Ref: RT

### လပေါ်မှသယ်လာသောကျောက်ခဲနမူနာများကို တရုတ်က အမေရိကန်သို့မျှဝေပေးမည်

တရုတ်၏အာကာသယာဉ်က လပေါ်မှသယ်ဆောင်လာသော ကျောက်ခဲနမူနာများကို အမေရိကန်နိုင်ငံရှိတက္ကသိုလ်များသို့ မျှဝေပေးမည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအာဏာပိုင်အဖွဲ့က ဧပြီလ ၂၄ ရက်တွင်ထုတ်ပြန်သည်။

အဆိုပါကျောက်ခဲနမူနာများကို ရုတ်အိုင်းလန်းရှိဘရောင်းတက္ကသိုလ်နှင့် နယူးယောက်မြို့ရှိ စတိုနီဘရုတက္ကသိုလ်သို့ မျှဝေပေးသွားမည်ဖြစ်ပြီး ထိုတက္ကသိုလ်များအနေဖြင့် တရုတ်ထံမှယင်းနမူနာများကိုလက်ခံရန် လွှတ်တော်မှအတည်ပြုမှုရရှိထားပြီးဖြစ်သည်။

အလားတူ တရုတ်တာဝန်ရှိသူများက ဂျာမနီနိုင်ငံရှိ ကိုလိုင်းတက္ကသိုလ်၊ ဂျပန်နိုင်ငံရှိ အိုဆာကာတက္ကသိုလ်၊ ဗြိတိန်နိုင်ငံရှိ အိုးပန်းတက္ကသိုလ်၊ ပြင်သစ်နိုင်ငံရှိ ပဲရစ်ဂြိုဟ်လေ့လာရေးရူပဗေဒအဖွဲ့နှင့် ပါကစ္စတန်အမျိုးသားအာကာသအေဂျင်စီတို့သို့ အဆိုပါကျောက်ခဲနမူနာများကို မျှဝေပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။ ယင်းကျောက်ခဲများကို Chang'e-5 အာကာသယာဉ်က ယူလာခြင်းဖြစ်ကြောင်းသိရသည်။ Ref: SCMP

# တွံတေးခရိုင်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဧပြီလ ၂၄ ရက်တွင် တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အမျိုးသားစီမံကိန်းဥပဒေ၊ ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေတို့ဖြင့်ပြဋ္ဌာန်းပြီး ဒေသန္တရလူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသန္တရစီမံကိန်းတွင်ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းများကို စီမံကိန်း ဥပဒေများအရ လျာထားသတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ တွံတေးခရိုင်၏ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို ကဏ္ဍကြီးများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားသည်။


ယင်းနောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများကို တာဝန်ပေးအပ်လွှာများပေးအပ်ကာ လိုအပ်သည်များ မှာကြားသည်။

အဆိုပါအခမ်းအနားသို့ တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အတွင်းရှိ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလနှင့်ဆိပ်ကြီးခနောင်တိုမြို့နယ်တို့မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

တွံတေးသား

## ပို့ကုန် နှစ်ဆ တိုးမြှင့်ကြ

## မိုးလေဝသ သတင်း




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၄-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၅၅ | ၂၈၇၅ | ၄၅၀၅ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၁၀ |
| 95 Ron | ၂၈၆၅ | ၂၉၇၅ | ၂၉၄၅ | ၂၈၇၅ | ၂၉၈၅ | ၃၀၀၀ | ၃၀၁၅ | ၂၉၃၅ | ၄၅၆၀ | ၃၂၂၅ | ၂၉၅၀ | ၂၉၅၀ | ၃၀၂၀ | ၂၉၈၅ | ၃၀၁၀ | ၃၂၆၅ |
| HSD (500 ppm) | ၂၄၃၅ | ၂၅၅၀ | ၂၅၁၅ | ၂၄၅၀ | ၂၅၅၅ | ၂၅၇၀ | ၂၅၉၀ | ၂၅၁၀ | - | ၂၈၀၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၉၅ | ၂၅၆၀ | ၂၅၈၅ | ၂၈၄၀ |
| HSD (50 ppm) | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၈၃၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (10 ppm) | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | - | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၂ | ၂၇၂၈ |
| 95 Ron | ၂၆၉၇ | ၂၇၈၅ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၆၀ |
| HSD (50 ppm) | ၂၈၄၂ | ၂၉၂၈ |
| HSD (10 ppm) | ၂၈၄၂ | ၂၉၂၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရေဖြူမြို့နယ်၊ ဒေါက်လောက်ကျေးရွာအနီးရှိ သံကူကွန်ကရစ်ဘေလီတံတားအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် ဧပြီ ၂၄

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ တလိုင်းယာကျေးရွာအုပ်စု၊ ဒေါက်လောက်ကျေးရွာအနီး ထားဝယ်ရေနက်ဆိပ်ကမ်းသို့သွားလာသည့်လမ်းပေါ်၌ ထားဝယ်မြစ်အား ဖြတ်သန်းဆောက်လုပ်ထားသည့် အရှည် ၅၀၀ ပေ၊ အနံ ၁၂ ပေရှိ သံကူကွန်ကရစ်ဘေလီတံတားအားယနေ့နံနက် ၁၀ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ၆ လက်မ ၃ လက်မရှိ သစ်သားဇလီဖားများနှင့် အပေါ်ပြင်ခင်းများ ပေ ၂၀၀ ခန့် မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်း သိရှိရသည်။





PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် သံကူကွန်ကရစ်ဘေလီတံတားအား တွေ့ရစဉ်။

အဆိုပါ ပျက်စီးခဲ့သည့်တံတားအား ရေဖြူမြို့နယ်လမ်းဦးစီးဌာနမှ အမြန်ဆုံး ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါနေရာတစ်ဝိုက်အား လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြေကြီးမှရွှေသီးစေဖို့ နေကြာသီးနှံစိုက်ပျိုးကြပါစို့

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံအဖြစ်စိုက်ပျိုးသော မြေပဲ၊ နှမ်း၊ နေကြာနှင့် ဆီမုန်ညင်း၊ ပဲပုပ်တို့အနက် နေကြာသည် ဆီထွက်ကောင်းသောသီးနှံတစ်မျိုး ဖြစ်ပြီး မြန်မာနိုင်ငံတွင် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည်။ ဆီထွက်ကောင်းသောနေကြာမျိုးများစိုက်ပျိုးရန်အတွက် ရေမြေဒေသအခြေအနေနှင့်သင့်လျော်သော စိုက်နည်းစနစ်များကိုစနစ်တကျလိုက်နာစိုက်ပျိုးမှသာ အထွက်နှုန်းကောင်းမွန်ပြီး တောင်သူများ ဝင်ငွေတိုးကာ လူမှုဘဝပိုမိုအဆင်ပြေမည်ဖြစ်သည်။

ဒေသဆီဖူလုံရေးနှင့် ကျန်းမာရေးအတွက် နေကြာသီးနှံကို စနစ်တကျစိုက်ပျိုးရန်အတွက် အောက်ပါအချက်များကို ဂရုတစိုက်လိုက်နာဆောင်ရွက်ရန် အလွန်အရေးကြီးသည်။

**မျိုးရွေးချယ်ခြင်း**

- **ဆီထွက်ကောင်းသောမျိုး** – နေကြာမျိုးများထဲတွင် ဆီထွက်နှုန်းမြင့်မားသောမျိုးများကို ရွေးချယ်ရန် အရေးကြီးသည်။ ဥပမာ – ဟိုက်ဘရစ်မျိုးများ (Hybrid varieties) နှင့် ဒေသနှင့်ကိုက်ညီသည့် ဆင်းရွှေကြာ -၂ နှင့် ရေဆင်း- ၁ တို့သည် ဆီထွက်နှုန်းမြင့်မားပြီး ရောဂါဒဏ်ခံနိုင်ရည်လည်း ရှိသည်။
- နေကြာသီးနှံသည် အပူပိုင်းဒေသတွင် ကောင်းစွာဖြစ်ထွန်းသောသီးနှံဖြစ်သော်လည်း အေးမြခြောက်သွေ့သောဒေသများတွင်လည်း ကောင်းစွာဖြစ်ထွန်းသည်။
- မျိုးစေ့မမှန် ပင်မသန် ဖူးတံငုံကင်း အသီးဖျင်း ဟူသောစကားနှင့်အညီ မျိုးစေ့ရွေးချယ်ခြင်းသည် အလွန်အရေးကြီးလှသည်။ မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက်ဟူသောစကားနှင့်အညီ သီးနှံအောင်မြင်ဖြစ်ထွန်းရေးအတွက် မှန်လေးမှန်သည် လွန်စွာအရေးကြီးလှသည်။

**မြေပြင်ခြင်း**

- သီးနှံစိုက်ပျိုးရန် အရေးကြီးသောအချက်တစ်ခုမှာ မြေပြုပြင်ခြင်းဖြစ်သည်။ မြေယာပြုပြင်ခြင်းသည် သီးနှံကာလတစ်လျှောက်လုံးတွင် အရေးကြီးသောအလုပ်တစ်ခုဖြစ်သည်။ ယာသီးနှံများသည် မြေမှုန်ခြင်းကို ပိုမိုနှစ်သက်သဖြင့် အပင်ပေါက်ကောင်းရန်နှင့် အမြစ်ဆင်းအားကောင်းစေရန်အတွက် မြေနက်နက်နှင့်ညက်ညက်ပြုပြင်ခြင်းသည် လွန်စွာအရေးပါလှသည်။
- နေကြာပင်ကိုစိုက်ပျိုးရာတွင် မြေအမျိုးအစားရွေးချယ်ခြင်းသည်အရေးကြီးသောအချက်တစ်ချက်ဖြစ်သည်။ နေကြာပင်သည် မြေအမျိုးအစားအားဖြင့် ရွေးချယ်မှုများတွင် လိုက်လျောညီထွေရှိသော်လည်း အကောင်းဆုံးကြီးထွားဖို့ရန်အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။
- **မြေအမျိုးအစား** – နေကြာသည် မြေအားလုံးတွင် ဖြစ်ထွန်းပြီး မြေဆီလွှာအတွက် သိပ်မရွေးချယ်သော်လည်း ရေစီးရေလာကောင်းသော သဲနုန်းမြေမျိုးကို ပို၍နှစ်သက်သည်။ ထို့ပြင် စနယ်မြေစေးနှင့် ရွှံ့စေးမြေတို့တွင်လည်း ကောင်းစွာဖြစ်ထွန်းအောင်မြင်သဖြင့် နေရာဒေသတော်တော်များများတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။
- **သဲဆန်သောမြေ** သို့မဟုတ် **နုန်းမြေ**သည် နေကြာပင်စိုက်ပျိုးရန် အကောင်းဆုံးဖြစ်သည်။
- မြေသည် ရေစီးဆင်းမှုကောင်းမွန်ပြီး ရေမဝပ်စေရန် လိုအပ်သည်။
- နေကြာပင်သည် မြေကြီးတွင် ရေဝပ်ခြင်းကို မကြိုက်သောကြောင့် ရေစီးဆင်းမှုကောင်းမွန်သော မြေမျိုးကို ရွေးချယ်သင့်သည်။
- နေကြာပင်သည် pH 6.0 မှ 7.5 ကြားရှိသောမြေမျိုးကို နှစ်သက်သည်။
- မြေသည် အလွန်အချဉ်ဓာတ်များနေပါက ထုံးထည့်၍ pH ကို ညှိပေးနိုင်သည်။



- နေကြာပင်သည် အာဟာရဓာတ်ကြွယ်ဝသောမြေမျိုးကို နှစ်သက်သည်။
- မြေဆီလွှာတွင် နိုက်ထရိုဂျင်၊ ဖော့စဖောရပ်၊ ပိုတက်စီယမ် စသည့်အာဟာရဓာတ်များ ပါဝင်သင့်သည်။
- မြေဆီလွှာတွင် အော်ဂဲနစ်ပစ္စည်းများပါဝင်မှုများပါက ပိုမိုကောင်းမွန်သည်။
- မြေပြုပြင်ရာတွင် ထွန်ရေးနက်နက်နှင့်မြေမှုန်မှုကောင်းစေရန် ထွန်ရေးညက်ညက်ဖြစ်အောင်ပြုပြင်ပေးရမည်။ မြေဆီလွှာတွင် သဘာဝမြေဩဇာများ ထည့်ပေးရန်လိုအပ်သည်။ ထို့ပြင် ကွန်ပေါင်းဓာတ်မြေဩဇာကိုလည်း မြေပြင်ချိန်တွင် အပြီးထည့်ပေးထားရမည်ဖြစ်သည်။

**စိုက်ပျိုးခြင်း**

- **စိုက်ချိန်** – နေကြာကို တစ်နှစ်ပတ်လုံး ရေရရှိလျှင် စိုက်ပျိုးနိုင်သော်လည်း ပန်းပွင့်ချိန်တွင် အပူချိန်မြင့်မားပါက ဝတ်မှုန်ကူးမှုအားနည်းပြီး အစေ့အဆန်တည်မှုနည်းသောကြောင့် ဇန်နဝါရီလ ၁၅ ရက်မှ မတ်လ ၁၅ ရက်အတွင်း စိုက်ပျိုးရန် ရှောင်ရှားသင့်သည်။ နေကြာကို မိုးရာသီ၊ ဆောင်းရာသီ၊ မိုးနှောင်းရာသီတို့တွင် စိုက်ပျိုးလေ့ရှိပြီး မိုးရွာသွန်းမှုမှန်ကန်သောဒေသများတွင် ဇွန်လမှ ဇူလိုင်လအတွင်း စိုက်ပျိုးနိုင်သည်။ အကောင်းဆုံးစိုက်ပျိုးချိန်များမှာ မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် စိုက်ပျိုးခြင်းက အလေအလွင့်နည်းပြီး သီးနှံဖြစ်ထွန်းအောင်မြင်မှုအကောင်းဆုံးဖြစ်သည်။
- **စိုက်နည်း** – နေကြာကို အတန်းလိုက်စိုက်ပျိုးလေ့ရှိပြီး တန်းကြား ၂ ပေနှင့် ပင်ကြား ၉ လက်မ အများဆုံးစိုက်ပျိုးကြသည်။ အပင်ဦးရေ ပိုမိုဝင်ဆံ့စေရန် ၁ ပေပတ်လည် စိုက်နည်းစနစ်ကိုလည်း စတင်စမ်းသပ်စိုက်ပျိုးနေပြီဖြစ်သည်။ စပ်မျိုးနေကြာများကိုလည်း ၂ ပေခွဲ ၉ လက်မ နှုန်းဖြင့် စိုက်ပျိုးလျက်ရှိသည်။
- **မျိုးစေ့နှုန်း** – အပင်ပေါက်နှုန်းကောင်းမွန်သောမျိုးစေ့ကို တစ်ဧကလျှင် ၃ ကီလိုမှ ၄ ကီလို (သုံးပြည်မှ လေးပြည်) စိုက်ပျိုးသင့်သည်။
- ပေါင်းမြက်များကို စိုက်ပြီး နှစ်ကြိမ်နှိမ်နင်းပေးရသည်။ ပေါင်းမြက်များက သီးနှံအား အာဟာရနှင့်ရေကို ယှဉ်ပြိုင်ယူသွားနိုင်သည်။
- ဆီထွက်သီးနှံများသည် ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိပြီး စိုက်ပျိုးရန်လွယ်ကူသည်။
- မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်သည်။
- သားခွဲခြင်းလုပ်ငန်းများကိုလည်း စိုက်ပြီး ၁၄ ရက်အတွင်း အပြီးသားခွဲနိုင်ရမည်ဖြစ်သည်။ သားခွဲမှုသည် အပွင့်ကြီးထွားမှုနှင့် ပြောင်းပြန်အချိုးကျသဖြင့် သားခွဲလျှင် အပွင့်ကြီးပြီး သားမခွဲလျှင် အပွင့်သေးမည်ဖြစ်သဖြင့် သားခွဲခြင်းကို မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်သည်။

**ရေသွင်းခြင်း**

- **ရေလိုအပ်ချက်** – နေကြာသည် ရေလိုအပ်ချက် အတော်အသင့်ရှိသော သီးနှံဖြစ်သည်။ အထူးသဖြင့် ပန်းပွင့်ချိန်နှင့် မျိုးစေ့ဖွံ့ဖြိုးချိန်တွင် ရေလိုအပ်သည်။ ရေကိုလုံလောက်စွာ ပေးသွင်းနိုင်မှသာ အစေ့အဆန်ပိုမိုပြည့်တင်းပြီး ဆီထွက်နှုန်းလည်း ပိုမိုကောင်းမွန်မည်ဖြစ်သည်။ သီးနှံကာလတစ်လျှောက် ရေလုံလောက်စွာပေးသွင်းနိုင်မှသာ ပန်းတိုင်အထွက်နှင့် ကျော်လွန်အထွက်ကို ရရှိမည်ဖြစ်သည်။
- **ရေသွင်းခြင်း** – မိုးခေါင်ပါက ရေသွင်းပေးရန် လိုအပ်သည်။ ရေဝပ်ခြင်းကို ရှောင်ရှားရန် ရေထုတ်မြောင်းများ ပြုလုပ်ထားသင့်သည်။ နေကြာသည် ရေလိုအပ်ချက်များသောသီးနှံဖြစ်သော်လည်း ရေမဝပ်စေရန်ဂရုပြုရသည်။ အပင်ဖြစ်ထွန်းချိန်၊ ပန်းပွင့်ချိန်နှင့် အစေ့ဖြစ်ချိန်တွင် ရေလိုအပ်ချက်များပြားသည်။ ရေလိုအပ်ချက်ရှိသော သီးနှံဖြစ်သော်လည်း ရေများပါက အပင်ထိုင်ခြင်း၊ အပင်ဖြစ်ထွန်းမှုနှေးကွေးခြင်းတို့ကိုဖြစ်စေသဖြင့် ရေပေးသွင်းရာတွင် ဂရုတစိုက်ရေသွင်းရမည်ဖြစ်သည်။

**မြေဩဇာကျွေးခြင်း**

- **သဘာဝမြေဩဇာ** – စိုက်ပျိုးမြေတွင် သဘာဝမြေဩဇာများ (နွားချေး၊ ကြက်ချေး)ထည့်ပေးသင့်သည်။
- **ဓာတ်မြေဩဇာ** – နိုက်ထရိုဂျင်၊ ဖော့စဖောရပ်၊ ပိုတက်စီယမ် ဓာတ်မြေဩဇာများကို သင့်လျော်သောပမာဏဖြင့်ထည့်ပေးရသည်။ ပုံမှန်အားဖြင့် N:P:K = 60:40:40 kg/acre ထည့်ပေးရသည်။ အနည်းလို အာဟာရဓာတ်များနှင့် အပင်ဆဲလ်များ သန်မာစေရန်အတွက် ကယ်စီယမ်နှင့် ဆာလဖာ တို့ကိုလည်း ထည့်ပေးသင့်သည်။
- နေကြာစိုက်ပျိုးရာတွင် နိုက်ထရိုဂျင်၊ ဖော့စဖောရပ်နှင့် ပိုတက်စီယမ် မြေဩဇာများလိုအပ်သည်။ မြေဩဇာများကို စိုက်ပျိုးချိန်နှင့် ပန်းပွင့်ချိန်တွင် ထည့်ပေးရသည်။ ဓာတ်မြေဩဇာသုံးစွဲရာတွင် သဘာဝမြေဩဇာတို့နှင့် တွဲဖက်သုံးစွဲမှသာ အပင်မှပိုမိုရရှိပြီး ကြာရှည်စွာ အပင်စားသုံးနိုင်မည်ဖြစ်သည်။

## ထက်အောင်ကျော်

**ပိုးမွှားနှင့် ရောဂါကာကွယ်ခြင်း**

- **ပိုးမွှားများ** – နေကြာတွင် ဖျက်ပိုးများ (ဥပမာ – ပင်စည်ထိုးပိုး၊ ရွက်စားပိုး) ကျရောက်တတ်သည်။ ပိုးသတ်ဆေးများကို သင့်လျော်သောပမာဏဖြင့် ဖျန်းပေးရသည်။
- **ရောဂါများ** – မှိုရောဂါများ (ဥပမာ – ရွက်ပြောက်ရောဂါ၊ ပင်စည်ပုပ်ရောဂါ) ကျရောက်တတ်သည်။ ရောဂါဒဏ်ခံနိုင်သောမျိုးများကို ရွေးချယ်စိုက်ပျိုးသင့်သည်။
- နေကြာတွင် မဲ့ပြောက်ရောဂါ၊ မှိုရောဂါနှင့် ပိုးမွှားများ ကျရောက်တတ်သည်။ ရောဂါနှင့် ပိုးမွှားများကို ကာကွယ်ရန် ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ ဖျန်းပေးရသည်။
- ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို ပန်းပွင့်ချိန်တွင် လုံးဝသုံးစွဲခြင်းမပြုဘဲ ရှောင်ရှားသင့်သည်။ ပန်းပွင့်ချိန်တွင်အသုံးပြုပါက ဝတ်မှုန်ကူးပြီး သန္ဓေအောင်စေသော ပျားနှင့်ပိတုန်း တို့ကို ထိခိုက်သေစေနိုင်သဖြင့် ပန်းပွင့်ချိန်တွင် ဆေးဖျန်းခြင်းကို ရှောင်ရှားသင့်သည်။
- တမာကဲ့သို့သော သဘာဝပိုးသတ်ဆေးများကို အသုံးပြုနိုင်သည်။
- ပိုးမွှားများကို စားသောက်ဖျက်ဆီးသည့် အကျိုးပြုအင်းဆက်များကို မွေးမြူပါ။
- အပင်များကို သင့်လျော်သောအကွာအဝေးဖြင့် စိုက်ပျိုးခြင်းအားဖြင့် ပိုးမွှားများပျံ့နှံ့မှုကို လျှော့ချနိုင်သည်။
- ပေါင်းမြက်များကို ပုံမှန်ရှင်းလင်းပါ။ ပေါင်းမြက်များသည် ပိုးမွှားများအတွက် ခိုအောင်းရာနေရာဖြစ်နိုင်သည်။
- နေကြာပင်သည် နေရောင်ခြည်ကိုအလွန်နှစ်သက်သောကြောင့် နေရောင်ခြည်ပြည့်ဝစွာရရှိသော နေရာကို ရွေးချယ်သင့်သည်။ လေဝင်လေထွက်ကောင်းပြီး နေရောင်ခြည်ကောင်းစွာရသော နေရာများသည် ပိုးမွှားရောဂါကျရောက်မှုသက်သာသည်ကိုတွေ့ရှိရသဖြင့် နေရောင်ခြည်ကောင်းစွာရရှိအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

**ရိတ်သိမ်းခြင်း**

- **ရိတ်သိမ်းချိန်** – နေကြာပန်းပွင့်ပြီး ၃၀ ရက် သို့မဟုတ် ပန်းပွင့်နောက်ကျောဘက် အဝါရောင်သန်းလာပါက ရိတ်သိမ်းရန်သင့်လျော်သောအချိန်ဖြစ်သည်။ ရိတ်သိမ်းချိန် စောလွန်း၊ နောက်ကျလွန်းခြင်းသည်လည်း သီးနှံအရည်အသွေးနှင့် ဆီထွက်နှုန်းများကိုလည်း များစွာ လွှမ်းမိုးမှုရှိသည်။ ရိတ်သိမ်းချိန်စောလျှင် အစေ့အဆန်မအောင်မမြင်ဖြစ်ကာ ဆီထွက်နှုန်းကို ထိခိုက်လျော့နည်းစေပြီး ရိတ်သိမ်းချိန်နောက်ကျလွန်းလျှင်လည်း အလေအလွင့်များစွာဖြစ်ပေါ်စေသည်။
- **ရိတ်သိမ်းနည်း** – နေကြာခေါင်းများကို ဓားဖြင့်ဖြတ်ယူပြီး နေလှန်းကာ အစေ့များကို ခြွေယူရသည်။ ရိတ်သိမ်းပြီး စုပုံထားပါက အရည်ထွက်ခြင်း၊ အပွင့်ပုပ်ခြင်းတို့ကိုဖြစ်စေပြီး နေကြာအရည်အသွေးကို ညံ့စေသောကြောင့် အထူးဂရုစိုက် ရိတ်သိမ်းနေလှန်းရမည်ဖြစ်သည်။ ရိတ်သိမ်းအခြောက်လှန်းထားသော နေကြာခွက်များကို လူဖြင့်လည်းကောင်း၊ ခြွေလှေ့စက်ဖြင့်လည်းကောင်း ခြွေလှေ့သန့်စင်ပြီး သန့်စင်အောင်ပြုလုပ်၍ အစိုဓာတ်နည်းအောင် နေလှန်းထားရမည်ဖြစ်သည်။

**စာမျက်နှာ ၂၆ သို့ ○**

# ပျဉ်းမနားမြို့နယ်သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်ကြောင့် ပျက်စီး၊ ပျောက်ဆုံးသွားသည့်အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြန်လည်စိစစ်ထုတ်ပေးမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုအားပေး



နေပြည်တော် ဧပြီ ၂၄

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက် တပေါင်းကွင်း၌ မြေငလျင်ဒဏ်ခံရသည့် ပြည်သူများအတွက် ဖွင့်လှစ်ထားရှိသည့် မြို့နယ်သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ အဆိုပါစခန်းအတွင်း၌ ပျဉ်းမနားမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ငလျင်ဒဏ်ကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးသွားသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြန်လည်စိစစ်ထုတ်ပေးနေမှု၊ နိုင်ငံသားကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic / Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်ကြောင့် ပျက်စီး၊ ပျောက်ဆုံးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမြန်ပြန်လည်ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ကာ စာရင်းပြုစုရယူဆောင်ရွက်ရေးမှာကြားကာ ကယ်ဆယ်ရေးစခန်းမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးသူများ ပြန်လည်လျှောက်ထားရယူနိုင်ရေး အသိပေးနှိုးဆော်ဆောင်ရွက်ပေးရေး ရှင်းလင်းဆွေးနွေးပြောကြားပြီး ကယ်ဆယ်ရေးစခန်းရှိပြည်သူများအားလိုအပ်ချက်များမေးမြန်း၍ နှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက်ပျဉ်းမနားမြို့နယ်ဦးစီးမှူးရုံး၊ ဇမ္ဗူသီရိမြို့နယ်ဦးစီးမှူးရုံးတို့သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံနှင့် ရုံးခန်းများထိခိုက်ပျက်စီးမှု၊ ရုံးပရိဘောဂနှင့် ရုံးသုံးပစ္စည်းများပျက်စီးဆုံးရှုံးမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)ဦးစီးမှူးရုံး၏ ရုံးခန်းများအခြေအနေနှင့် အဆိုပါရုံးဝင်းအတွင်း ဇမ္ဗူသီရိမြို့နယ်ဦးစီးမှူးရုံး ယာယီရုံးဖွင့်လှစ်ထားရှိမှုကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ဦးစီးမှူးရုံးနှင့် ဥတ္တရသီရိမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်ဦးစီးမှူးရုံးမြေနေရာ၌ ယာယီရုံးဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူကိုဝန်ဆောင်မှုပေးသည့်ဌာနဖြစ်သည်နှင့်အညီ ယာယီရုံးအမြန်ဆုံးပြန်လည်ဖွင့်လှစ်၍ ငလျင်ဒဏ်ခံရသည့် ပြည်သူများအတွက်ပျက်စီး၊ ပျောက်ဆုံးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြန်လည်စိစစ်ထုတ်ပေးနိုင်ရေးနှင့် e-ID စနစ်အတွက် Unique ID နံပါတ်ထုတ်ပေးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးနိုင်ရေး၊ ယင်းလုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပျက်စီး၊ ပျောက်ဆုံးမှုစာရင်းများ ပြုစုဆောင်ရွက်နိုင်ရေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

# မန္တလေးငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း




နေပြည်တော် ဧပြီ ၂၄

မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ပြည်သူများအတွက်လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ယမန်နေ့က မနာပဒါယီကိုရီးယားဆရာတော်နှင့် ပြည်တွင်းပြည်ပအလှူရှင်များက ငွေကျပ်သိန်း ၁၀၀ ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၄-၄-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏**ဈေးနှုန်းမှာ (၅,၆၆၀,၀၀၀)**ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဧပြီ ၂၄

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

❍ **စာမျက်နှာ ၂၅ မှအဆက်**

**ဆီထုတ်လုပ်ခြင်း**

- **အစေ့ခွံခွဲခြင်း** – နေကြာခေါင်းများမှ အစေ့များကို ခွဲယူပြီး သန့်စင်ကာ ဆီထုတ်လုပ်ရသည်။
- **ဆီထုတ်လုပ်ခြင်း** – နေကြာစေ့များကို ဆီထုတ်စက်ဖြင့် ဆီထုတ်ယူနိုင်သည်။ ဆီထွက်နှုန်းသည်လည်း မျိုးနှင့်နေကြာသန့်စင်မှု၊ အစေ့အဆန်တင်းမှုတို့ဖြင့် လွှမ်းမိုးလျက်ရှိသည်။ ပုံမှန်အားဖြင့် နေကြာတစ်တင်း ၃၂ ပေါင်သည် ဆီကြိတ်လျှင် ၂ ဒသမ ၅ ပိဿာ မှ ၃ ပိဿာထိထွက်ရှိသည်။

**သိုလှောင်ခြင်း**

- **အစေ့သိုလှောင်ခြင်း** – မျိုးစေ့သိုလှောင်ခြင်းတွင် ဆီထွက်သီးနှံများကို သိုလှောင်ခြင်းသည် လွန်စွာအရေးကြီးသည်။ နေကြာစေ့များကို ခြောက်သွေ့သောနေရာတွင် သိုလှောင်ထားရသည်။ စိုထိုင်းမှုနှင့် ပိုးမွှားများ မဝင်ရောက်စေရန် ဂရုပြုရသည်။ မျိုးအတွက် သိုလှောင်မည်ဆိုပါက အစိုဓာတ် ၅ ရာခိုင်နှုန်းခန့်နှင့် အေးမြခြောက်သွေ့သောနေရာများတွင်သိုလှောင်မှသာ ကြာရှည်သိုလှောင်နိုင်မည်ဖြစ်သည်။ မျိုးအဖြစ်သိုလှောင်ခြင်းသည် နေကြာသီးနှံတွင် အရေးကြီးဆုံးဖြစ်သဖြင့် အထူးဂရုစိုက်သိုလှောင်ရမည်ဖြစ်သည်။

**စီးပွားဖြစ်စိုက်ပျိုးခြင်းနှင့် ဈေးကွက်တင်ပို့ရောင်းချခြင်း**

- နေကြာကို အခြားသီးနှံများနှင့် သီးလှည့်စိုက်ပျိုးခြင်းဖြင့် ပိုးမွှားရောဂါများကူးစက်မှုကို လျှော့ချနိုင်သည်။
- **ဈေးကွက်လိုအပ်ချက်** – နေကြာဆီသည် ကျန်းမာရေးနှင့် ညီညွတ်သောဆီအဖြစ် လူကြိုက်များသည်။ ဈေးကွက်လိုအပ်ချက်ကိုလေ့လာပြီး စီးပွားဖြစ်စိုက်ပျိုးနိုင်သည်။
- ဆီထွက်သီးနှံများသည် ဈေးကွက်တွင် ဝယ်လိုအားမြင့်မားပြီး ရောင်းချနိုင်သည့်ကုန်ပစ္စည်းများဖြစ်သည်။
- နိုင်ငံတကာဈေးကွက်တွင်ပါ ရောင်းချနိုင်သည့် သီးနှံများဖြစ်သည်။
- ဆီထွက်သီးနှံများမှထုတ်လုပ်သော ဟင်းသီးဟင်းရွက်ဆီများသည် ကျန်းမာရေးနှင့်ညီညွတ်သည်။
- အာဟာရဓာတ်များ ကြွယ်ဝသည်။
- အရည်အသွေးကောင်းသော နေကြာစေ့များကို ရွေးချယ်ပါ။ နေကြာစေ့များသည် လတ်ဆတ်ပြီး မှိုမတက်ရန် အရေးကြီးသည်။ စိုက်ပျိုးရာသီနှင့် မျိုးစေ့အမျိုးအစားအပေါ်မူတည်၍ အရည်အသွေး ကွဲပြားနိုင်သည်။
- နေကြာစေ့များတွင်ပါဝင်သော အမှုန်အမွှားများ၊ ကျောက်စရစ်များနှင့် အခြားညစ်ညမ်းမှုများကို ဖယ်ရှားရန်သန့်စင်ရမည်။
- ကြိတ်ခွဲထားသော နေကြာစေ့များမှဆီကို ဖိအားဖြင့် သို့မဟုတ် သွင်းအားဖြင့် ထုတ်ယူသည်။ ဤအဆင့်တွင် အပူချိန်ကို ထိန်းချုပ်ရန် အရေးကြီးသည်။ အပူချိန်မြင့်မားပါက ဆီ၏ အရည်အသွေးကျဆင်းနိုင်သည်။
- ထုတ်ယူထားသော ဆီတွင်ပါဝင်နေသော အမှုန်အမွှားများနှင့် မလိုလားအပ်သော ဒြပ်ပေါင်းများကိုဖယ်ရှားရန် သန့်စင်ရမည်။ ဤအဆင့်တွင် စစ်ထုတ်ခြင်း၊ အနည်ထိုင်ခြင်းနှင့် အခြားသန့်စင်မှုနည်းလမ်းများပါဝင်သည်။
- သန့်စင်ပြီးသောဆီကို လေလုံသောပုလင်းများ သို့မဟုတ် ဘူးများတွင် ထည့်၍သိုလှောင်ရမည်။ ဆီကို အလင်းရောင်နှင့် လေထုထဲမှ အောက်ဆီဂျင်တို့မှကာကွယ်ရန် အရေးကြီးသည်။
- ထုတ်လုပ်ပြီးသော ဆီ၏ အရည်အသွေးကို စစ်ဆေးရန် လိုအပ်သည်။ ဤအဆင့်တွင် ဆီ၏ အနံ့၊ အရောင်၊ အာဟာရတန်ဖိုးနှင့် မှိုတက်မှုရှိ၊ မရှိ စစ်ဆေးခြင်းတို့ပါဝင်သည်။
- အရည်အသွေးကောင်းမွန်သော နေကြာဆီကို ဈေးကွက်သို့တင်ပို့ရန် သင့်လျော်သောထုပ်ပိုးမှုများဖြင့် ထုပ်ပိုးရမည်။
- ထုပ်ပိုးပြီးသောဆီများကို အေးမြပြီးခြောက်သွေ့သောနေရာတွင် သိုလှောင်ထားရမည်။ ဈေးကွက်သို့ဖြန့်ဖြူးရာတွင် လိုအပ်သောသယ်ယူပို့ဆောင်မှုနှင့် ဖြန့်ဖြူးမှုစနစ်များကို သေချာစွာစီစဉ်ရမည်။

ဂရုတစိုက်လိုက်နာခြင်းဖြင့် အရည်အသွေးကောင်းမွန်သော နေကြာဆီကို ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် တောင်သူဘဝဝင်ငွေပိုမိုတိုးတက်ကာ လူမှုဘဝပိုမိုအဆင်ပြေမည်ဖြစ်သဖြင့် မြေကြီးမှရွှေသီးရန် နေကြာသီးနှံကို စနစ်တကျစိုက်ပျိုးသင့်ကြောင်း တင်ပြအပ်ပါသည်။ ॥

# အင်တာမီလန်အသင်းနှင့်နာပိုလီအသင်းတို့ ယခုဘောလုံးရာသီကုန်ဆုံးချိန်တွင် ရမှတ်တူညီနေပါက ချန်ပီယံဆုအတွက် Play-off ကစားရမည်



ရောမ ဧပြီ ၂၄

အီတလီစီးရီးအေပြိုင်ပွဲ၌ ယခုဘောလုံးရာသီကုန်ဆုံးချိန်တွင် အင်တာမီလန်အသင်းနှင့် နာပိုလီအသင်းတို့အနေဖြင့် ရမှတ်တူညီနေမည်ဆိုပါက ချန်ပီယံဆုအတွက် Play-off ပွဲစဉ်ကစားပြီး ဆုံးဖြတ်ရမည်ဖြစ်ကြောင်း သိရသည်။

ဥရောပထိပ်တန်းလိဂ်များ၌ ဘောလုံးရာသီကုန်ဆုံးချိန်တွင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ရမှတ်တူညီနေမည်ဆိုပါက ဂိုးကွာခြားချက်ဖြင့် ချန်ပီယံဆုအတွက် ဆုံးဖြတ်နေသော်လည်း အီတလီစီးရီးအေပြိုင်ပွဲတွင် ၂၀၂၂ ခုနှစ်ကစတင်ပြီး ချန်ပီယံဆုအတွက် အဆုံးအဖြတ်ခံယူရာတွင်လည်းကောင်း၊ တန်းဆင်းအဆုံးအဖြတ်ခံယူရာတွင်လည်းကောင်း ရမှတ်တူညီနေမည်ဆိုပါက ဂိုးကွာခြားချက်စည်းမျဉ်းကို အသုံးပြုခြင်းမရှိဘဲ Play-off ကစားသည့်စနစ်ကိုသာ အသုံးပြုနေသည့်အတွက် အင်တာမီလန်အသင်းနှင့် နာပိုလီအသင်းတို့အနေဖြင့် နောက်ဆုံးအချိန်ထိ ရမှတ်တူညီနေမည်ဆိုပါက Play-off ကစားပြီး ချန်ပီယံဆုအတွက် အဆုံးအဖြတ်ခံယူရမည်ဖြစ်သည်။

ပြီးခဲ့သည့် အီတလီစီးရီးအေပြိုင်ပွဲ ပွဲစဉ်(၃၃)အဖြစ် ကစားသည့်ပွဲစဉ်များတွင် အင်တာမီလန်အသင်းသည် ဘိုလော့ဂ်နာအသင်းကိုရှုံးနိမ့်ပြီး နာပိုလီအသင်းက မွန်ဇာအသင်းကို အနိုင်ရရှိသည့်အတွက် ရမှတ် ၇၁ မှတ်စီတူညီနေခဲ့ခြင်းဖြစ်သည်။

အီတလီစီးရီးအေပြိုင်ပွဲ ပွဲစဉ်(၃၃)အပြီးတွင် အင်တာမီလန်အသင်းက ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်နေသော်လည်း နာပိုလီအသင်း ရမှတ် ၇၁ မှတ်ဖြင့် ဖိအားပေးနေသည့်အတွက် နှစ်သင်းစလုံးအနေဖြင့် လက်ကျန်ပွဲစဉ်များအားလုံးအနိုင်ရရှိမည်ဆိုပါက ချန်ပီယံဆုအတွက် Play-off ကစားရမည်ဖြစ်သည်။

အီတလီစီးရီးအေပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် Play-off ကစားခဲ့ရသည့်ဖြစ်စဉ်သည် ၁၉၆၄ ခုနှစ်က တစ်ကြိမ်ကြုံခဲ့ဖူးပြီး အင်တာမီလန်အသင်းနှင့် ဘိုလော့ဂ်နာအသင်းတို့အနေဖြင့် ရမှတ် ၅၄ မှတ်စီ တူညီနေသည့်သဖြင့် ချန်ပီယံဆုအတွက် Play-off ကစားခဲ့ရပြီး ယခုအခါတွင်လည်း အင်တာမီလန်အသင်းနှင့်နာပိုလီအသင်းတို့အနေဖြင့် Play-off ကစားရဖွယ်ရှိနေကြောင်း သိရသည်။ ***Ref;Fotmob***

# ဧပြီလအတွက် စပိန်လာလီဂါ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ပက်ဒရီဆွတ်ခူး

ဘာစီလိုနာ ဧပြီ ၂၄

စပိန်လာလီဂါပြိုင်ပွဲ၏ ဧပြီလအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ပက်ဒရီက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ပက်ဒရီသည် ဘာစီလိုနာအသင်းနှင့်အတူ ဧပြီလအတွင်းကစားသည့်ပွဲစဉ်များတွင် သွင်းဂိုးနှင့်ဂိုးဖန်တီးမှုမပြုလုပ်နိုင်ခဲ့သော်လည်း အသင်းနှင့်အတူ ပွဲစဉ်တိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီးနောက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၂ နှစ်အရွယ် ပက်ဒရီသည် ဘာစီလိုနာအသင်းနှင့်အတူ ဧပြီလအတွင်းကစားခဲ့သည့် အက်သလက်တီကိုအသင်း၊ ဘတ်တစ်အသင်း၊ လီဂါနက်စ်အသင်း၊ ဆယ်တာဗီဂိုအသင်းနှင့် မာယော့ကာအသင်းတို့ပွဲစဉ်တွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ဆယ်တာဗီဂိုအသင်း၊ မာယော့ကာအသင်းတို့နှင့်ကစားသည့် ပွဲစဉ်နှစ်ပွဲတွင်လည်း ပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို နှစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဧပြီလအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို အသင်းဖော်ယာမယ်နှင့် ရာဖင်ဟာတို့ကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

***Ref;Fabrizio Romano***

# လိဒ်အသင်းက ယခုဘောလုံးရာသီတွင် အသင်းကို ပရီးမီးယားလိဂ်ပြိုင်ပွဲသို့တန်းတက်အောင် စွမ်းဆောင်ပေးထားသည့် နည်းပြ ဒန်နီရယ်ဖာကီကို ရာထူးမှထုတ်ပယ်ဖွယ်ရှိ

လန်ဒန် ဧပြီ ၂၄

လိဒ်အသင်းက ယခုဘောလုံးရာသီမကုန်ဆုံးမီ အသင်းကို အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲမှ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်ပေးထားသည့် နည်းပြ ဒန်နီရယ်ဖာကီကို ရာထူးမှ ထုတ်ပယ်ဖွယ်ရှိကြောင်း သိရသည်။

အသက် ၄၈ နှစ်အရွယ် နည်းပြ ဒန်နီရယ်ဖာကီသည် လိဒ်အသင်းကို ၂၀၂၃ ခုနှစ် ဇူလိုင်လက စတင်တာဝန်ယူကိုင်တွယ်ပြီးနောက် အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အဆင့်(၃)နေရာ၌ရပ်တည်အောင် စွမ်းဆောင်ပေးနိုင်သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း အသင်းကို ရလဒ်ကောင်းများ ဆက်တိုက်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ကာ ရာသီမပြီးဆုံးမီ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်ပေးထားနိုင်ခဲ့သည်။

လိဒ်အသင်းသည် ယခုဘောလုံးရာသီ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင် ရမှတ် ၉၄ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်နေပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ရန် နီးစပ်နေသော်လည်း လိဒ်အသင်းက အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည့် နည်းပြ ဒန်နီရယ်ဖာကီကိုထုတ်ပယ်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဒန်နီရယ်ဖာကီသည် လိဒ်အသင်းကို တာဝန်ယူမကိုင်တွယ်မီက နော့ဝစ်ချ်အသင်းကို ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ်ကြိမ်ကိုင်တွယ်ခဲ့ရာ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ နှစ်ကြိမ်တန်းတက်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တစ်ရာသီသာကစားခဲ့ရပြီး တန်းဆင်းခဲ့ရသည့် မှတ်တမ်းရှိထားသည့်အတွက် လိဒ်အသင်းကလည်း နည်းပြဒန်နီရယ်ဖာကီအနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း လာမည့်ဘောလုံးရာသီအစပိုင်းတွင် ရလဒ်များဆိုးရွားမည်ဆိုပါက ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။ ***Ref;Goal***

# ဘိုင်ယန်မြူးနစ်အသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ကင်မစ်ဂျေးကိုရောင်းချရန်စီစဉ်

ဘာလင် ဧပြီ ၂၄

ဘိုင်ယန်မြူးနစ်အသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် သင့်တော်သည့်ကမ်းလှမ်းမှုရရှိပါက အသင်းမှ ခံစစ်ကစားသမား ကင်မစ်ဂျေးကို ရောင်းချရန်စီစဉ်ထားကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် ကင်မစ်ဂျေးသည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက နာပိုလီအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီတွင် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၂ ပွဲ ပါဝင်ကစားပေးထားသော်လည်း ဘိုင်ယန်မြူးနစ်အသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် သင့်တော်သည့် ကမ်းလှမ်းမှုတစ်စုံတစ်ရာရရှိမည်ဆိုပါက ရောင်းချရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ကင်မစ်ဂျေးသည် ဘိုင်ယန်မြူးနစ်အသင်း ဗဟိုခံစစ်ပိုင်းတွင်သာမက တောင်ပံတွင်လည်း အကောင်းဆုံးကစားနိုင်သူဖြစ်သည့်အတွက် ပရီးမီးယားလိဂ်ကလပ်အသင်းများက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ကမ်းလှမ်းရန်စောင့်ကြည့်လျက်ရှိသည်။


ထို့ပြင် ကင်မစ်ဂျေးကို ပရီးမီးယားလိဂ်ထိပ်တန်းအသင်းများအပြင် ဆော်ဒီထိပ်တန်းကလပ်အသင်းကြီးများကလည်း မြင့်မားသည့်ပြောင်းရွှေ့ကြေး၊ မြင့်မားသည့်လုပ်ခလစာတို့ဖြင့် ကမ်းလှမ်းရန်ပြင်ဆင်နေသော်လည်း ကင်မစ်ဂျေးကိုယ်တိုင်က ဥရောပတွင်သာ ဆက်လက်ကစားလိုသောကြောင့် ဆော်ဒီကလပ်အသင်းများ၏ကမ်းလှမ်းမှုကို ငြင်းပယ်ဖွယ်ရှိကြောင်း သိရသည်။

***Ref;Be Soccer***




Tea Mix
Lemon Tea
Lemon Tea
Black Tea
STARMART nine mile Showroom
KHA YAE PIN MART
STARMART MANDALAY Wholesale
STARMART Nay Pyi Taw


KHA YAE PIN MART
STARMART nine mile Showroom
RHINO
RHINO
PORTLAND CEMENT


Myanmar
ကမ္ဘာ့အဆင့် ချောင်ဆိပ်ဆုများနှင့်
မြန်မာ
AWARDED
TROPHY
BY THE WORLD'S
BEST BEER
JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA


Ngwepinlae Livestock Breedings & Fisheries Co., Ltd
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

# လျှော့ပြောင်းဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၄

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် ဧပြီလ ၂၄ ရက်အထိ သေဆုံးသူ ၃၇၆၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၇ ဦးနှင့် ပျောက်ဆုံးသူ ၁၁၀ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့်ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၁ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဧပြီလ ၂၃ ရက် ည ၇ နာရီမှ ဧပြီလ ၂၄ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံက ထောက်ပံ့ပေးသည့်မေးခိုင်ရောဂါကာကွယ်ဆေး စုစုပေါင်းတန်ချိန် ၂ ဒသမ ၉၈ တန် ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေး ပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်များ၊ ရေယာဉ်နှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ညောင်ခါးရှည်ကျေးရွာ၊ Famous ဆီဆိုင်အနီး၌ ဖမ်းဆီးရမိမှု။




မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဧပြီ ၂၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဧပြီလ ၂၂ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Myanmar Yangon Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည်ကျေးရွာ၊ Famous ဆီဆိုင်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၉၅၁၀၀) နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၁၅၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၄၂၀၁၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက်မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၈၃၈)တန်၊ အခြားသစ် (၂ ဒသမ ၆၄၁) တန်၊ မီးသွေး (၅ ဒသမ ၃၃၁)တန်၊ ရှားမျှော (၅၀)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၄၂၃၃)ကို သစ်တောဥပဒေအရလည်းကောင်း၊ အောင်လံမြို့နယ်၊ ကျွဲသေကျေးရွာအနီး၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် နွားအထီး(၄)ကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀)ကို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရလည်းကောင်း၊ မကွေးမြို့၊ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၃၄၂၃၃)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၂၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပလိပ်မြို့၊ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၉၉၆၀၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ထုံးဘို (၇)မိုင်ကတ္တားဂိတ်အနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၀၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Win Myanmar Pickup (၁)စီး၊ Toyota Dyna Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ကျောက်ဆည်မြို့ ရှောင်လမ်း၌ လုပ်ငန်းသုံးပစ္စည်း (၁၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၀၉၃၇၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Shiegx Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၈၃၅၈၀၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဧပြီလ ၂၂ ရက်**တွင် လပွတ္တာမြို့နယ်၊ မင်းကုန်းကျေးရွာ၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **ဧပြီလ ၂၃ ရက်**တွင် မြန်အောင်ခရိုင်၊ ကျုံပျော်ခရိုင်နှင့် ပုသိမ်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၆၉၆)တန်၊ အခြားသစ် (၇ ဒသမ ၁၀၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၆၄၇၁)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၄၇၁)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ **ဧပြီလ ၂၃ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်၊ ရေးခရိုင်နှင့် ကျိုက်ထိုခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် (၇ ဒသမ ၅၄၅)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၈၂၉)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းထက်မင်းဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၇၇၆၅၀၅)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. MCL-7 ရေယာဉ်(၁)စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တိုက်ကြီးမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၃၈၆) တန်၊ အခြားသစ် (၃ ဒသမ ၇၁၂) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၅၀၇၂) နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် Toyota Probox မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၆၄၆၁၅၇၇)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါသည်။

ဧပြီလ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၃၈၀၈၀၁၅)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ**သိရသည်။

(သတင်းစဉ်)

# ငဖဲမြို့နယ် ပေကုန်းကျေးရွာ၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြော



ငဖဲ ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ကျောင်းပြင်ပအသိပညာဗဟုသုတတိုးပွားစေရန်၊ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဧပြီလ ၂၃ ရက်က ပေကုန်းကျေးရွာ ကန်လယ်မင်းကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ပေကုန်းကျေးရွာ သုမင်္ဂလာရာမကန်လယ်မင်းကျောင်းတိုက် ဆရာတော် ဦးခေမာဝုစ ဩဝါဒစကား မြွက်ကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် လိမ္မာယဉ်ကျေးစေရန်အတွက် ဗုဒ္ဓစာပေများသာမက သုတ၊ ရသစာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုရန်လိုအပ်ကြောင်းနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများအကြောင်းကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုဝန်ထမ်း-၄ ဒေါ်နှင်းနွယ်အောင်က ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာသိကောင်းစရာများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာကျော်က လူငယ်များ အွန်လိုင်းဂိမ်းကစားခြင်းဖြင့် ရရှိလာမည့်ကောင်းကျိုးနှင့် ဆိုးကျိုးများကို အသိပညာပေးဆွေးနွေးပြောကြားသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် တာဝန်ရှိသူများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များနှင့် ကျား၊ မ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာလက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မယု(ငဖဲ)**

# ဆော်ဒီအာရေဗျနိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား အမိနိုင်ငံသို့ပြန်လည်ရောက်ရှိ




ရန်ကုန် ဧပြီ ၂၄

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်ထားတန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့်မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာနိုင်ငံ သံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့ရှိ မြန်မာသံရုံးသည် ဆော်ဒီအာရေဗျနိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ခဲ့ရပြီး ဆော်ဒီအာရေဗျနိုင်ငံ မဒီနာမြို့ရှိ အမျိုးသမီးထိန်းသိမ်းရေးစခန်းတွင် ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသား မသက်မှူးအိမ်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ရုံး၊ ဆော်ဒီအာရေဗျနိုင်ငံ မဒီနာမြို့ရှိ Expatriates Management Detention Center အမျိုးသမီးထိန်းသိမ်းရေးစခန်းနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဧပြီလ ၂၃ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံမှ ဂျက်ဒါ - Bangkok - Yangon ခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ပြီး ထိုနေ့ ည ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့်မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**သတင်း-ကျော်ကြီး**
**ဓာတ်ပုံ-မောင်ဘီ**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံသား ၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုမျိုးစုံကိုအမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့်ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက်ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ်၊ မြဝတီမြို့-မယ်ထော်သလေးနှင့် KK Park နယ်မြေများသို့တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၈ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



မြဝတီမြို့-မယ်ထော်သလေးနှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့်ဝင်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံသို့အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များကဆောင်ရွက်စဉ်။

အဆိုပါစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများနေ့ချင်းပြီးဆောင်ရွက်နေမှုကို ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဧပြီလ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၀၄၀ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၇၃၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၇၂၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအားဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ်ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Zay Ya” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာနေ ကျော်ဇေယျ(ခ)ကျော်ကျော်အား ည ၇ နာရီ ၄၅ မိနစ်တွင် မင်္ဂလာဒုံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(၁၀၀)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၇˚c | / | ၃၈˚c |
| ရန်ကုန် | ၂၆˚c | / | ၃၅˚c |
| မန္တလေး | ၃၀˚c | / | ၄၁˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၄-၄-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဘားအံ | သုည | ဒသမ | ၉၈ | လက်မ |
| မချမ်းဘော | သုည | ဒသမ | ၃၅ | လက်မ |
| ပူတာအို | သုည | ဒသမ | ၃၂ | လက်မ |
| ပေါင် | သုည | ဒသမ | ၂၄ | လက်မ |
| မြစ်ကြီးနား | သုည | ဒသမ | ၁၆ | လက်မ |
| မိုင်းယန်း | သုည | ဒသမ | ၀၈ | လက်မ |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

---

❖ **စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာဌာနကြီးတစ်ခုဖြစ် . . .**

❖ **စာဖတ်စေရန်နှင့် စာဖတ်အားများတက်လာစေရန် ဆောင်ရွက်ရမည်ဖြစ် . . .**

❖ **တစ်ဦးချင်းအသိပညာများကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို . . .**

❖ **ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို . . .**

❖ **စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

---

## ဆောင်းပါး

**လောကစံအား ဤသို့အောင်မြင်စွာရင်ဆိုင်ကျော်လွှားမည်**

စာ - ၁၃ သို့

. . . . . . . . . . . . . . . . . . . . . . . . . . . . . .

**မြေကြီးမှရွှေသီးစေဖို့ နေကြာသီးနှံစိုက်ပျိုးကြပါစို့**

စာ - ၂၅ သို့

---


## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်များ၊ ရေယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၉ သို့

---

## လေပွေလှိုင်းများ၏အရှိန်ကြောင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိုးထစ်ချုန်းရွာနိုင်ပြီး နေရာကွက်၍ မိုးကြီးနိုင်

၂၈-၄-၂၀၂၅ ရက်နေ့မှ ၂၉-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




**နေပြည်တော် ဧပြီ ၂၄**

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ

**စာမျက်နှာ ၇ ကော်လံ ၁ ➢**

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေ ၁ ရက်အတွင်း ၇ ပေခွဲခန့် မြင့်တက်

**နေပြည်တော် ဧပြီ ၂၄**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့တွင် ၄၈၈ စင်တီမီတာသို့ရောက်ရှိခဲ့ကာ ၁ ရက်အတွင်း ၇ ပေခွဲခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါမြစ်ရေသည် နောက် ၁ ရက်မှ ၅ ရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၅ ပေခွဲမှ ၆ ပေခွဲခန့်၊ နောက် ၅ ရက်မှ ၈ ရက်အတွင်း

**စာမျက်နှာ ၇ ကော်လံ ၅ ❐**

---




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563